မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၃၀)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ ကြာသပတေးနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❐ ပြည်ထောင်စု မပြိုကွဲရေး။
- ❐ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်

အင်းလေးကန်သန့်ရှင်းစိမ်းလန်းစိုပြည်ရေး စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်ထုတ်လုပ်သည့် စက်ရုံတည်ထောင်မည်ဆိုပါက နည်းပညာနှင့် ကုန်ကျစရိတ်မြင့်မားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို အစီအစဉ် (၁၁)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း(၆)ခုမေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခုနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ညောင်ရွှေမဲဆန္ဒနယ် ဦးဝင်းဆွေက **အင်းလေးကန် သန့်ရှင်းစိမ်းလန်းစိုပြည်ရေးအတွက် စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်ထုတ်လုပ်ပေးနိုင်ရန်အတွက် စက်ရုံတစ်ခုတည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးမြန်းခဲ့ရာ အင်းလေးကန်သန့်ရှင်းစိမ်းလန်းစိုပြည်ရေးအတွက် ပြန်လည်ပြုပြင်ထုတ်လုပ်သည့် စက်ရုံတည်ထောင်မည်ဆိုပါက နည်းပညာနှင့်ကုန်ကျစရိတ် မြင့်မားနိုင်ပြီး နေ့စဉ်ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းအမျိုးအစားနှင့် ပမာဏအပြင် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအရ လုပ်ဆောင်ရမည့် အချက်အလက်များစွာရှိနိုင်မည်ဖြစ်ပါသဖြင့် အင်းလေးကန်ပတ်ဝန်းကျင်၌ စွန့်ပစ်ပစ္စည်းများကို အသုံးပြုမည့် ပြန်လည်ပြုပြင်ထုတ်လုပ်သည့်စက်ရုံတစ်ခုတည်ဆောက်ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက အင်းလေးကန်နယ်မြေ၏ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုကို ထိန်းသိမ်းနိုင်ရန် သစ်တောများပြုန်းတီးမှုနှင့် စိုက်ပျိုးနိုင်မှုဧရိယာများလေ့လာခြင်း၊ စိုက်ပျိုးရေးတွင် ဓာတုဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများ အလွန်အကျွံမသုံးစွဲစေဘဲ ဇီဝဓာတ်မြေဩဇာသုံးစွဲနိုင်ရန် *စာမျက်နှာ ၇ ကော်လံ ၁* ✻

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရက ကချင်ပြည်နယ်၌ နေအိမ်များပြန်လည်တည်ဆောက်ပေးခြင်း၊ ကျောင်းများ၊ ဆေးခန်းများ ပြန်လည်ဖွင့်လှစ်ပေးခြင်းနှင့် လူသားချင်းစာနာထောက်ထားသော အကူအညီများ ဝင်ရောက်ခွင့်ပြုရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)ဆွေးနွေးရေးအဖွဲ့တို့သည် ဖေဖော်ဝါရီ ၄ ရက်တွင် ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် အစိုးရနှင့် KIO တို့အကြား ခိုင်မာသော စစ်ပြေငြိမ်းရေးကို အလျင်အမြန်အကောင်အထည်ဖော်နိုင်ရန် ပဋိပက္ခဖြစ်ပွားသောနေရာများကို လေ့လာစောင့်ကြည့် စိစစ်ရေးစနစ်ပေါ်ပေါက်ရန် ဆက်လက် ဆွေးနွေးဆောင်ရွက်ရေးကို သဘောတူညီခဲ့ကြသည်။

ကချင်ပြည်နယ်၌ ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ ရပ်စဲသွားပြီးနောက်တွင် နိုင်ငံတော်အစိုးရက ပဋိပက္ခများကြောင့် မိမိတို့၏နေအိမ်များကို စွန့်ခွာခဲ့သူ (IDP)များအား နေအိမ်များ ပြန်လည်တည်ဆောက်ပေးခြင်း၊ ကျောင်းများ၊ ဆေးခန်းများ ပြန်လည်ဖွင့်လှစ်ပေးခြင်းနှင့် လူသားချင်းစာနာထောက်ထားသော အကူအညီများ ဝင်ရောက်ခွင့်ပြုရေးကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘုရင့်နောင် ခုံးကျော်တံတားစီမံကိန်း ၄၀ ရာခိုင်နှုန်းပြီးစီးနေ

➤ အမေး၊အရေး-မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၆

စီးပွားရေးမြို့တော် ရန်ကုန်၌ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချရန် မြန်မြန်ဆောင်ရွက်လျက်ရှိသည်။ လမ်းဆုံမီးပွိုင့်များတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့များ တိုးမြှင့်ချထားမှုများပြုလုပ်နေသလို တည်ဆောက်ဆဲလမ်းခုံးကျော်တံတားများကိုလည်းသတ်မှတ်ချိန်အတွင်း ပြီးစီးအောင်တည်ဆောက်နေသည်။ ထိုသို့ ခုံးကျော်တံတားများ တည်ဆောက်ရာတွင် ဘုရင့်နောင်ခုံးကျော်တံတား တည်ဆောက်ပြီးစီးမှု**(ဝဲပုံ)**နှင့် တိုးတက်မှုအခြေအနေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ ဒုတိယဌာနမှူး ဦးစည်သူလွင်နှင့် စီမံကိန်း မန်နေဂျာ ဒေါ်စိုးစိုးတင်တို့နှင့် တွေ့ဆုံကာ မေးမြန်းခဲ့သည်။

မေး ။ ။ ဘုရင့်နောင်ခုံးကျော်တံတား တည်ဆောက်ပြီးစီးမှု အနေအထားကို သိရှိလိုပါတယ်။

ဦးစည်သူလွင် ။ ။ လောလောဆယ်မှာ ခုံးကျော်တံတားတည်ဆောက်မှုက ၄၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီလို့ ပြောလို့ရပါတယ်။ မြေပြင်လုပ်ငန်းတွေ ပြီးစီးနေပြီး ဘိုးပိုင်လုပ်ငန်းတွေလည်း ဘုရင့်နောင်ဘက် (အင်းစိန်ဘက်ခြမ်း)မှာ မကြာမီမှာ ဘိုးပိုင်တွေ တက်လာတော့မှာ ဖြစ်ပါတယ်။

မေး ။ ။ လက်ရှိတည်ဆောက်နေမှုနှုန်းအတိုင်းဆိုရင် သတ်မှတ်ကာလအတွင်းမှာ ပြီးစီးနိုင်မလား ပြောပြပေးပါဦး။

ဦးစည်သူလွင် ။ ။ မြေပြင်လုပ်ငန်းတွေအပြီးသတ်ပြီးလို့ တံတားတည်ဆောက်ရေးလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ပြုလုပ်နေတာဖြစ်လို့ ယခင်သတ်မှတ်ထားတဲ့ ၂၀၁၃ ဒီဇင်ဘာလမှာ အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီခုံးကျော်တံတား တည်ဆောက်ဖို့ စတင်ခဲ့တာက ၂၀၁၂ ခုနှစ် ဇွန် ၅ ရက်မှာဖြစ်တာမို့ သတ်မှတ်ထားတဲ့စံချိန်စံညွှန်းအတိုင်း တည်ဆောက်သွားမှာဖြစ်ပြီး သတ်မှတ်ကာလမှာ ပြီးစီးသွားမှာပါ။ *စာမျက်နှာ ၅ ကော်လံ ၁* ✻

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သဘာဝကို ခံစားကြည့်ခြင်း

နေပူကျဲကျဲ ခရီးမိုင်ရှည်ထွက်ခွာလာသော ခြေကျင်ခရီးသွားတစ်ဦးအနေဖြင့် အရိပ်အာဝါသ ကောင်းမွန်လှသော ပညောင်ပင်ကြီးအောက်ရှိ ရေချမ်းစင်ထက်မှ ရေတစ်မှုတ်သောက်လိုက်ရသည်ရှိသော် အလွန်တရာ အရသာရှိလှ၏။ ထို့အတူ စိမ်းစိုလန်းဆန်း တောအုပ်တောတန်းများကို ဖြတ်ကျော်လည့်လည် သွားရသည်မှာ ကြည်နူးလန်းဆန်းသည့် အရသာကို ရနိုင်၏။ တစ်ဖန် ဝုန်းဝုန်းအုန်းအုန်း လှိုင်းလုံးကြီးများရိုက်ခတ်နေသော ပင်လယ်ပြာအပန်းဖြေစခန်းများ ရောက်သည့်အခါလည်း လန်းဆန်းပီတိ ခံစားမိ၏။

သဘာဝကျကျ သဘာဝအလှကို ခံစားကြည့်ကြပါ။ လန်းဆန်းသွားမည်။ ကြည်နူးသွားမည်။ ပြီးတော့ ပျော်ရွှင်ခြင်းကိုလည်း ပေးစွမ်းပေဦးမည်။ သဘာဝ၏အလှသည် ကုန်ခန်းနိုင်ဖွယ်မရှိ။ သို့သော် ထိန်းသိမ်းဖို့တော့လိုသည်။ သဘာဝကို ခံစားတတ်လျှင် သဘာဝကို ချစ်မြတ်နိုးရမည်။ သဘာဝကြီး မပျက်မယွင်းခရီးဆက်နိုင်ဖို့ ထိန်းသိမ်းကြရမည်။ မှန်ပါသည်။ သဘာဝကို ခံစားတတ်ကြရုံနှင့်မပြီးပါ။ ထိန်းသိမ်းဖို့လည်း တာဝန်ရှိပါသည်။

ဩကာသလောကကြီးအတွင်း သစ်ပင်ကြီးများ အမြဲရှင်သန်လန်းဆန်းနေရမည်။ တောအုပ်တောတန်းများ ညို့မှိုင်းအုံ့ဆိုင်းလှပနေရမည်။ စိမ့်စမ်းရေတံခွန်များ တသွင်သွင်ရစ်သန်းစီးဆင်းနေရမည်။ သို့မှသာ သဘာဝကျသော အလှတရားများသည် ထာဝရခိုင်မြဲနေမည် ဖြစ်ပါ၏။ ထိုသို့မဟုတ်ဘဲ သစ်ပင်များကို အကြိမ်ကြိမ် ခုတ်လှဲနေကြမည်ဆိုလျှင်လည်းကောင်း၊ တောမီးများရှို့နေ ကြမည်ဆိုလျှင်လည်းကောင်း၊ လေထုကို ညစ်ညမ်းစေနိုင်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ အလွန်အကျွံထုတ်လွှတ်နေကြမည်ဆိုလျှင် လည်းကောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းစေနိုင်သည့် ပလတ်စတစ်ကြွပ်ကြွပ်အိတ် အမှိုက်သရိုက်များ စည်းကမ်းမဲ့စွာ စွန့်ပစ်နေကြမည်ဆိုလျှင် လည်းကောင်း သဘာဝကြီးသည် တဖြည်းဖြည်း ယိုယွင်းပျက်စီးသွားမည်မှာ သေချာပါသည်။

ထိုသို့ သဘာဝကြီး မပျက်မယွင်းမဖောက်မပြန် ဆက်လက်တည်မြဲသာယာလှပနေဖို့အတွက် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့၊ တစ်နိုင်ငံတည်းတွင်သာ တာဝန်ရှိသည်မဟုတ်ပါ။ ကျွန်ုပ်တို့လူသားအားလုံးတွင် တာဝန်ရှိပါသည်။ တစ်ဦးတစ်ယောက်ကစ သစ်ပင်ခုတ်လျှင် ရာထောင်ချီသော သစ်တောကြီး ပြုန်းတီးနိုင်သည်။ တစ်ဦးတစ်ယောက်ကစ စည်းကမ်းမဲ့ အမှိုက်ပစ်လျှင် ရာထောင်ချီသော အမှိုက်ပုံကြီးဖြစ်လာမည်။ တစ်ဦးတစ်ယောက်ကစ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးလျှင် ရာထောင်ချီသော မြို့ကြီးညစ်ညမ်းမည်။ ထို့ကြောင့် သဘာဝအလှကို ခံစားလိုကြလျှင် သဘာဝကို မပျက်မယွင်းအောင် ထိန်းသိမ်းအပ်ပါကြောင်း။ ။

စွမ်းရည်ထူးချွန်ရဲတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်

ပဲခူး ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရိပ်သာခန်းမ၌ မှုခင်းစွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးနိုင်သည့် တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်း တက်ရောက်အမှာစကား ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း၊ တိုင်းဒုတိယရဲတပ်ဖွဲ့မှူးကြီး ဇော်ခင်အောင်တို့က ဆုရရှိသူ ရဲတပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်သည်။

စန်းဝေ(ဟံသာမြေ)

ပြည်တွင်းသတင်း

ကရင်နှင့်မွန်ပြည်နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ Country Director Mr. Toyli Kurbanov နှင့်အတူ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းအား ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သွားရောက်တွေ့ဆုံ၍ ဘားအံမြို့နယ်အတွင်း UNDP အနေဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ပိတ်သိမ်းခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (HDI TSP Closing and Linkage Workshop) ကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး UNDP Country Director က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် တက်ရောက်လာသည့် CDRT စီမံကိန်းကျေးရွာများမှ လူထုအခြေပြုအဖွဲ့အစည်းများ၊ စိတ်တူကိုယ်တူအဖွဲ့များ၊ (Self-Reliance Groups - SRGs) များမှ ကိုယ်စားလှယ်များက စီမံကိန်းကျေးရွာများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၏ အောင်မြင်မှုများနှင့် ရရှိခဲ့သည့်အတွေ့အကြုံကောင်းများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယင်းနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်အား သွားရောက်တွေ့ဆုံ၍ မွန်ပြည်နယ်တွင် UNDP နှင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ မွန်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၄ ရက်တွင် ကျိုက်ထိုမြို့နယ်ရှိ စိန်ကနဲ့-ကျိုက္ကာ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

UNDP Country Director နှင့်အဖွဲ့သည် ဘားအံမြို့နယ်ရှိ CDRT စီမံကိန်းကျေးရွာ အလဝံကုန်းကျေးရွာသို့ရောက်ရှိပြီး ရွာသူရွာသားများ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သည့်တံတား ဆောက်လုပ်ပြီးစီးမှု၊ ပုလဲသွယ်နှင့် ဆင်းသုခစပ်မျိုးစပါး စမ်းသပ်စိုက်ပျိုးထားရှိမှု၊ ပန်းကုန်းကျေးရွာ စပါးဘဏ် လည်ပတ်အောင်မြင်မှုနှင့် ပန်းကုန်းစာသင်ကျောင်းဆောက်လုပ်ပြီးစီးမှု၊ ငနက်ပြာကျေးရွာ စပါးဘဏ် လည်ပတ်အောင်မြင်မှု စသည့် စီမံကိန်းလုပ်ငန်းများအောင်မြင်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ဝေးမြို့နယ်တွင် အခြေခံပညာကျောင်းဆောင်သစ်သုံးဆောင် ဖွင့်လှစ်

လယ်ဝေး ဖေဖော်ဝါရီ ၆

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ အသစ်တည်ဆောက်ပြီးစီးသော ကျောင်းဆောင်သစ်များအနက် ကျောင်းဆောင်သစ်သုံးဆောင် ဖွင့်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စုရှိ အမှတ်(၂၂) အလက(ခွဲ)ကျောင်း၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးရန်ပုံငွေကျပ် သိန်း ၃၆၀ ဖြင့် ဒိုင်းမွန်းမာကျူရီကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့သည့် အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ နေပြည်တော်ကောင်စီဝင်လယ်ဝေးမြို့နယ်တာဝန်ခံ ဦးမြင့်ဆွေ၊ ပညာရေးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းဝင်း နှင့် မြို့မိမြို့ဖ ဦးသိန်းတိုးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သပြေပင်ကျေးရွာအုပ်စုရှိ အထက(၃)ကျောင်း၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးရန်ပုံငွေကျပ် ၄၃၂ သိန်း ဖြင့် ဒိုင်းမွန်းမာကျူရီကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည့် အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံ ပညာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးဇော်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ လယ်ဝေးမြို့ အထက(၂)ကျောင်း၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးရန်ပုံငွေကျပ် ၆၄၈ သိန်းဖြင့် နောင်တုံကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည့် အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်သစ်ကို ပညာရေး လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့မိမြို့ဖ ဦးသိန်းတိုး၊ နောင်တုံကုမ္ပဏီတာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး **(အပေါ်ပုံ)** နေပြည်တော်ကောင်စီဝင်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(တက္ကသိုလ် နေဝင်းအောင်)

နေပြည်တော်ဝန်ထမ်းရပ်ကွက်များရှိ ဈေးများသန့်ရှင်းမှုအားနည်း

ထင်သာမြင်သာ ပြုပြင်စရာ

နေပြည်တော်ကောင်စီနယ်မြေများဖြစ်ကြသည့် မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ခနသိဒ္ဓိရပ်ကွက်၊ ဗလသိဒ္ဓိရပ်ကွက်၊ ပညာသိဒ္ဓိရပ်ကွက် စသည်ဖြင့် ရပ်ကွက်တိုင်းလိုလိုပင် ရပ်ကွက်ဈေးလေးများ တည်ဆောက်ပေးထားကြပြီး ရပ်ကွက်အတွင်းရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စားသောက်ရေးအတွက် မှီခိုအားထား၍ ဝယ်ယူနေရပါသည်။

ယခုအခါ အဆိုပါဈေးများတွင် ဝယ်ယူစားသုံးသူ ပေါများလာသည်နှင့်အညီ ဈေးရောင်းသူများလည်း များပြားလာခဲ့သည်။

ယင်များဝိုင်းအုံ

ဖေဖော်ဝါရီ ၅ ရက်က ခနသိဒ္ဓိရပ်ကွက်ရှိ အင်ကြင်းဈေးသို့ ညနေဟင်းချက်စရာ သားငါးဈေးဘက်သို့ သွားရောက်ဈေးဝယ်ရာ ဈေးအတွင်း ညစ်ပတ်ပေတူးနေသည့် အပြင် အသားငါးများပေါ်တွင် ယင်ကောင်များ ဝိုင်းအုံနေသည်မှာ မြင်မကောင်းအောင် ဖြစ်နေသည်။ ဈေးဝယ်များမှ အသား၊ ငါးအား ကိုင်လိုက်လျှင် ယင်ကောင်များမှာ ပျားအုံကို တုတ်နဲ့ ထိုးလိုက်သကဲ့သို့ ယင်ကောင်များ ထပြန်သွားသည်ကို မြင်ရ၍ ဝယ်ယူချက်ပြုတ်စားချင်စိတ်မရှိတော့၍ ဈေးအတွင်း ကြက်ဥဝယ်ပြီး ညနေစာကို ဖြစ်သလိုစားရပါတော့သည်။ ယခု အင်ကြင်းဈေးကဲ့သို့ပင် အခြားရပ်ကွက်ရှိ ဈေးများမှလည်း ထူးမခြားနားဖြစ်နေသည်။

သို့ပါ၍ ရပ်ကွက်အတွင်းရှိ ဈေးများအား သက်ဆိုင်ရာမှ ဆေးဖျန်းသင့်ဖျန်း၊ သန့်ရှင်းရေးဆောင်ရွက်သင့်သည်များ ဆောင်ရွက်ပြီး ဈေးသည်များ စည်းကမ်းတကျရောင်းချစေလိုကြောင်း၊ ဒါမှသာ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ပြည်သူများ ဝယ်ယူစားသောက်နိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါသည်။ **(သန်းဦး-လေးမျက်နှာ)**

ပြည်တွင်းသတင်း

လွတ်လပ်စွာတရားစီရင်ရေးသည် တရားဥပဒေစိုးမိုးရေးအတွက် မရှိမဖြစ်လိုအပ်

တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများသည် မိမိတို့လုပ်ငန်းသဘာဝ၏လေးနက်မှုကို သိရှိနားလည်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၆

တရားစီရင်ရေး၏ သဘောသဘာဝမှာ ခက်ခဲနက်နဲ၍ သိမ်မွေ့သဖြင့် သီလ၊ သမာဓိ၊ ပညာဖြင့် ချင့်ချိန်ဆုံးဖြတ်တတ်ရန် လိုအပ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုတရားသူကြီးချုပ်က အမှုအခင်းတစ်ခုကို စီရင်ဆုံးဖြတ်ရာတွင် တရားဥပဒေနှင့် ညီညွတ်မှု၊ ယခင်စီရင်ဆုံးဖြတ်ထားသော စီရင်ထုံးများနှင့်ညီညွတ်မှု၊ အမှုအခင်းပါ အချက်အလက်များကို ချင့်ချိန်သုံးသပ်ရာတွင် ရှေ့နောက်ညီညွတ်မှု Logical consistency တို့ရှိရန်လိုအပ်ကြောင်း၊ အမှုအခင်းများသည် သက်ဆိုင်ရာ အမှုသည်များအကြား အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်၍ အမှုအနိုင်ရရှိရေးအတွက် သွေးဆောင်မှု၊ ဖိအားပေးမှု၊ ခြိမ်းခြောက်မှု စသည့် မလျော်ဩဇာများဖြင့် တရားစီရင်ရေးကို စွက်ဖက်နိုင်အောင် ကြိုးစားကြကြောင်း၊ မလျော်ဩဇာများကို ကြံ့ကြံ့ခံတွန်းလှန်နိုင်သော စရဏသတ္တိ (moral courage) မွေးမြူကြရန်လိုကြောင်း၊ လွတ်လပ်စွာတရားစီရင်ရေးသည် တရားဥပဒေစိုးမိုးရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ တစ်ဖက်တွင်လည်း တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများသည် မိမိတို့လုပ်ငန်းသဘာဝ၏လေးနက်မှုကို သိရှိနားလည်ပြီး မိမိတို့ပြုလုပ်ဆောင်ရွက်သမျှအတွက် အပြည့်အဝ တာဝန်ခံနိုင်မှု၊ တာဝန်ယူမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ တရားသူကြီးများစောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ ပြဋ္ဌာန်းထားသော Bangalore Principles of Judicial Conduct ပါ မူများနှင့်အညီ တည့်မတ်ခိုင်မာပြီး ပြည်သူများ ယုံကြည်ကိုးစားနိုင်သည့် အရည်အချင်းရှိသော တရားစီရင်ရေးဖြစ်ပေါ်စေရန် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ၁-၁-၂၀၁၂ ရက်မှ ၃၁-၁၂-၂၀၁၂ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တရားမဆိုင်ရာ အမှုပေါင်း ၂၀၉၇ မှု လက်ခံရရှိပြီး ၁၅၂၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲကျန်အမှုပေါင်း ၅၇၄ မှုရှိကြောင်း။

ပြစ်မှုဆိုင်ရာအမှုပေါင်း ၁၁၈၆ မှု လက်ခံရရှိပြီး ၈၈၀ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ကျန်အမှုပေါင်း ၃၀၆ မှုရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် တရားမဆိုင်ရာ အမှုပေါင်း ၄၉၄၈ မှု လက်ခံရရှိပြီး ၃၃၃၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲကျန်အမှုပေါင်း ၁၆၁၅ မှုရှိကြောင်း၊ ပြစ်မှုဆိုင်ရာအမှုပေါင်း ၇၇၀၇ မှုလက်ခံရရှိပြီး ၅၇၉၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ကျန်အမှုပေါင်း ၁၉၁၄ မှုရှိကြောင်း၊ ခရိုင်အဆင့်တရားရုံးများတွင် တရားမဆိုင်ရာအမှုပေါင်း ၁၈၃၈၉ မှု လက်ခံရရှိပြီး ၁၀၃၉၁ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ကျန်အမှုပေါင်း ၇၉၉၈ မှုရှိကြောင်း၊ ပြစ်မှုဆိုင်ရာအမှုပေါင်း ၁၅၀၄၇ မှု လက်ခံရရှိပြီး ၁၁၄၈၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ကျန်အမှုပေါင်း ၃၅၆၂ မှုရှိကြောင်း၊ မြို့နယ်အဆင့် တရားရုံးများတွင် တရားမဆိုင်ရာအမှုပေါင်း ၃၇၂၅၂ မှု လက်ခံရရှိပြီး ၂၃၃၉၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ကျန်အမှုပေါင်း ၁၃၈၅၈ မှုရှိကြောင်း၊ ပြစ်မှုဆိုင်ရာအမှုပေါင်း ၃၆၈၁၁၃ မှုလက်ခံရရှိပြီး ၃၄၂၅၅၂ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ကျန်အမှုပေါင်း ၂၅၅၆၁ မှုရှိကြောင်း၊ သို့ပါ၍ အမှုများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် ပြီးပြတ်စေရန် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေး ဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။ ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့်အခြေအနေအရပ်ရပ်ကြောင့် ထိခိုက်ခံစားခဲ့ရသူများအတွက် ဆန်တန်ချိန် (၁၀၀၀)ပေးပို့လှူဒါန်းရန်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E.Mr. Murat Yavuz Ates နှင့် တူရကီနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ Mr.Nihat ADIGUZEL တို့ ဦးဆောင်သော အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD) မှ Mr. Youqion Wang ဦးဆောင်သော မစ်ရှင်အဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တူရကီကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာသော အထောက်အပံ့များ ထောက်ပံ့ပေးရေး၊ ရင်ဆိုင်ကြုံတွေ့ရသည့် အကျပ်အတည်းဖြေရှင်းခြင်းဆိုင်ရာ နည်းပညာများ အကူအညီပေးရေး၊ လတ်တလော လိုအပ်ချက်ရှိသည့် ဒေသများတွင် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးရေးကိစ္စရပ်များကို နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တူရကီကြက်ခြေနီအသင်းတို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ တူရကီကြက်ခြေနီအသင်းသည် ကမ္ဘာ့နိုင်ငံပေါင်း (၆၈)နိုင်ငံတို့တွင် လူသားချင်းစာနာသည့် အကူအညီများ ဆောင်ရွက်ပေးလျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အခြေအနေအရပ်ရပ်ကြောင့် ထိခိုက်ခံစားခဲ့ရသူများအတွက် ဆန်တန်ချိန် (၁၀၀၀)ကို ပေးပို့လှူဒါန်းသွားရန်ရှိကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD) တို့ တွေ့ဆုံဆွေးနွေးရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်(IFAD)အဖွဲ့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဆင်းရဲချို့တဲ့မှု လျှော့ပါးရေးဆိုင်ရာ လုပ်ငန်းစဉ် (၈)ရပ်နှင့် အညီ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် နည်းဗျူဟာလုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်နိုင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (IFAD) အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အတိုးနှုန်းနည်းချေးငွေ အမေရိကန်ဒေါ်လာ ၃၆ သန်းကို ပေးအပ်သွားရန်ရှိကြောင်း သတင်းရရှိခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ မြို့တော်စည်ပင်သို့ အပိုတံဆိပ်ခေါင်းခွန် နှစ်ရာခိုင်နှုန်းလွှဲပြောင်း

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်တွင်းအခွန်များ ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း အပိုတံဆိပ်ခေါင်းခွန် နှစ်ရာခိုင်နှုန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေသို့လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးသောင်းအေးက အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျခံသုံးစွဲနိုင်ရန် အပိုတံဆိပ်ခေါင်းခွန် နှစ်ရာခိုင်နှုန်းဖြစ်သောငွေကျပ် ၁၇၁၂၅၃၅၈၄၀ ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ဌာနမှူး ဦးကျော်မြင့်ထံသို့ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ) (ပြည်တွင်းအခွန်)**



အာလိမ္မာ တမာရှိ

နိုင်ငံတကာသတင်း

ပြင်သစ်ဦးဆောင်သော မာလီနိုင်ငံစစ်ပွဲတွင် ချက်သမ္မတနိုင်ငံ ပူးပေါင်းပါဝင်ရန်စီစဉ်

ပရာ့ဂ် ဖေဖော်ဝါရီ ၆

ချက်သမ္မတနိုင်ငံသည် မာလီနိုင်ငံအတွင်း ပြင်သစ်ဦးဆောင်သောစစ်ပွဲတွင် ပူးပေါင်းပါဝင်ရန် တပ်ဖွဲ့ဝင်များ **(အောက်ပုံ)** အရောက်စေလွှတ်မည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း ဖေဖော်ဝါရီ ၅ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြောကြား

မာလီနိုင်ငံအတွင်း ပြင်သစ်ဦးဆောင်သော စစ်ပွဲကို ပူးပေါင်းပါဝင်ခြင်းဖြင့် မာလီစစ်တပ်ကို ကူညီပေးခြင်းသည် မဟာမိတ်နိုင်ငံဖြစ်သည်ကို သက်သေပြရန်ရောက်ကြောင်း ချက်နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်၊ ဒုတိယဝန်ကြီးချုပ်လည်းဖြစ်သည့် ကာရီဆပ်ချ်ဝါဇန်ဘတ်က ဖေဖော်ဝါရီ ၄ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါသဘောတူညီချက်ကို ဝန်ကြီးအဖွဲ့အစည်းအဝေး၌ လက်မှတ်ရေးထိုးပြီး ပါလီမန်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

တိုက်တွန်း

ထောင်ပေါင်းများစွာသော မာလီပြည်သူများကို စစ်ပွဲဆင်နွှဲနေ၍ နေအိမ်များအတွင်းမှ ထွက်ပေးရန် ဖိအားပေးတိုက်တွန်းခိုင်းခဲ့သည်။ မာလီဒုက္ခသည်ပေါင်း ၅၀၀၀ ကျော်သည် မာလီနိုင်ငံအတွင်း တိုက်ခိုက်ရေးသမားများတိုးမြင့်လာမှုကို အကြောင်းပြုပြီး ပြင်သစ်တပ်ဖွဲ့ဝင်များစစ်ကိုစတင်ခဲ့သည့် ဇန်နဝါရီ ၁၁ ရက်ကတည်းက မော်ရစ်သျှနိုင်ငံအတွင်းရောက်ရှိခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံးက ပြောကြားခဲ့သည်။

အဆင်သင့်ရှိ

အမေရိကန်၊ ကနေဒါ၊ ဗြိတိန်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီနှင့် ဒိန်းမတ်နိုင်ငံတို့က မာလီနိုင်ငံအတွင်း ပြင်သစ်စစ်ပွဲကို ထောက်ခံအားပေးရန် အဆင်သင့်ရှိသည်ဟုဆိုသည်။

(ပရက်စ်တီဗွီ)



အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း ဒုတိယသမ္မတသက်တမ်းကုန်လျှင် ရာထူးမှ ဆင်းပေးမည်

ကဘူးလ် ဖေဖော်ဝါရီ ၆

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ၎င်းအနေဖြင့် ၂၀၁၄ ခုနှစ် ဒုတိယသမ္မတသက်တမ်းကုန်ဆုံးပြီးနောက် ရာထူးမှ ဆင်းပေးလိမ့်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

၂၀၁၄ ခုနှစ် ကုန်ဆုံးပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံ၏အာဏာကို ဆက်လက်ရယူထားရန် ဆန္ဒရှိပါသလားဟု နော်ဝေမြို့တော်အော်စလို၌ သတင်းထောက်များ၏မေးမြန်းမှုအပေါ် မစ္စတာကာဇိုင်း **(အပေါ်ပုံ)**က အထက်ပါအတိုင်း တုံ့ပြန်ဖြေကြားလိုက်ခြင်းဖြစ်သည်။

ကာဇိုင်းသည် ၂၀၀၄ ခုနှစ်က အာဖဂန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ၂၀၀၉ ခုနှစ်တွင် ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည်။

သို့ရာတွင် ရွေးကောက်ပွဲ နှစ်ခုစလုံး၌ မဲလိမ်မှုများရှိခဲ့သည်ဟု သတင်းများက ဆိုသည်။

မိမိအနေဖြင့် တတိယသက်တမ်းမျှော်လင့်ထားခြင်းမရှိသလို အာဖဂန်ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း ယင်းအချက်ကိုခွင့်ပြုမထားကြောင်းသမ္မတကာဇိုင်းက ဆက်လက်ပြောကြားသည်။ ထို့ကြောင့်လာမည့် ရွေးကောက်ပွဲသည် သမ္မတသစ်ဖြစ်လာလိမ့်မည်ဟု သူကဆိုသည်။

(ပရက်စ်တီဗွီ)

အီရန်က တိုလောဂြိုဟ်တုလွှတ်တင်မည်

တီဟီရန် ဖေဖော်ဝါရီ ၆

အီရန်နိုင်ငံက တိုလော့အမည်ရှိ ဂြိုဟ်တုတစ်လုံးကို အသစ်ဆောက်လုပ်ထားသော ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ အာကာသအတွင်းသို့ လွှတ်တင်မည်ဟု အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် အာမက်ဗာဟီဒီက ပြောကြားခဲ့ကြောင်း ဖေဖော်ဝါရီ ၅ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ တိုလောဂြိုဟ်တုကို အင်မန်ခိုမီနီဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဆင်မော့ရှ်ဂြိုဟ်တုသယ်ဆောင်ရေးယာဉ်ဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း ဗာဟီဒီက ပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် ဇန်နဝါရီ ၂၈ ရက်တွင် အာကာသရေးရာကျွမ်းကျင်သူများက ပစ်ရှ်ဂန်အမည်ရှိ အာကာသယာဉ်ပေါ်တွင် သက်ရှိမျောက်တစ်ကောင်ကိုတင်ဆောင်ပြီး အာကာသအတွင်းသို့ လွှတ်တင်ခဲ့ရာ ၎င်းမျောက်မှာ ကမ္ဘာမြေပြင်သို့ လုံခြုံဘေးကင်းစွာ ပြန်လည်ဆင်းသက်လာခဲ့သည်။

အီရန်နိုင်ငံသည် ၎င်း၏ပြည်တွင်းလုပ် အိုမစ်ဂြိုဟ်တုကို ၂၀၀၉ ခုနှစ်က လွှတ်တင်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

တရုတ်မြို့ပြနေပြည်သူများအား ဝင်ငွေ ၄၀ ရာခိုင်နှုန်း မြှင့်တက်လာရန်စီစဉ်

ပေကျင်း ဖေဖော်ဝါရီ ၆

တရုတ်နိုင်ငံတွင် ချမ်းသာသူများနှင့်ဆင်းရဲသူများအကြား ဝင်ငွေကွာဟမှုကျယ်ပြန့်လာခြင်းကို ကိုင်တွယ်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်က ဘီဘီစီသတင်းတစ်ရပ်၌ ဖော်ပြသည်။

အနည်းဆုံးပျမ်းမျှ လုပ်ခလစာဝင်ငွေသည် ၂၀၁၅ခုနှစ် အရောက်တွင် မြို့ပြဒေသနေပြည်သူများ၏ လစာကို ၄၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးမည်ဟုဆိုသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် အစိုးရသို့ ယင်းတို့၏ အမြတ်ဝေစုများပိုမိုပေးဆောင်ရန် လိုအပ်လာပြီဟုဆိုသည်။ တရုတ်နိုင်ငံတွင် ဆင်းရဲချမ်းသာကွာဟမှုသည် နိုင်ငံရေးနှင့်လူမှုတည်ငြိမ်ရေး ထိခိုက်လာမည်ကို စိုးရိမ်မကင်းဖြစ်နေကြသည်။ တရုတ်အစိုးရအနေဖြင့် အတိတ်ကာလက စီးပွားရေးပြုပြင်ပြောင်းလဲရေးအစီအစဉ်များ ကြေညာထားသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်နေသောလုပ်ငန်းများမှာ ထိရောက်မှုမရှိကြောင်း တရုတ်စီးပွားရေးပညာရှင် ကျန်ဇီဝိက ပြောသည်။

တရုတ်ပြည်သူ့နေ့စဉ်သတင်းစာ၏ ထုတ်ပြန်ရေးသားချက်အရ ကျေးလက်ဒေသနေပြည်သူ ၁၂၈ သန်းနီးပါးအား ဆင်းရဲသူများအဖြစ် သတ်မှတ်ကြပြီး လူတစ်ဦးချင်းတစ်နှစ်ဝင်ငွေသည် ၂၀၁၁ ခုနှစ်က ယွမ် ၂၃၀၀ (အမေရိကန်ဒေါ်လာ ၃၆၈ ဒေါ်လာ)ထက် နည်းပါးသည်ဟုဆိုသည်။ **(ဘီဘီစီ)**

ဆော်လမွန်ကျွန်းတွင် အင်အားပြင်းငလျင်လှုပ် ပစိဖိတ်နိုင်ငံများ ဆူနာမီသတိပေးချက်ထုတ်ပြန်

ဝါရှင်တန် ဖေဖော်ဝါရီ ၆

ဆော်လမွန်ကျွန်းအရှေ့ပိုင်းတွင် အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ဆူနာမီ ရိုက်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ထို့ကြောင့် ဖေဖော်ဝါရီ ၆ ရက်က ပစိဖိတ်ဒေသရှိ နိုင်ငံများအား ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

နောက်ဆုံးရသတင်းများအရ လူလေးဦးသေဆုံးခဲ့ပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း၊ နေအိမ်များစွာ ပျက်စီးသွားကြောင်း ရေးသားဖော်ပြထားသည်။

ရစ်ချ်တာစကေး ၈ အဆင့်ရှိ အဆိုပါအားပြင်းငလျင်သည် ဆော်လမွန်ကျွန်းများထဲမှ တစ်ခုဖြစ်သော စင်တာကာရု၏ကျွန်းအနီးတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းနောက် အမြင့် ၃ ပေရှိ ဆူနာမီရေလှိုင်းများသည် ဆော်လမွန်ကျွန်းအရှေ့ဘက်ကမ်းရိုးတန်းကို ရိုက်ခတ်သွားခဲ့သည်ဟုဆိုသည်။ ပျက်စီးဆုံးရှုံးမှုများကို အဆိုပါအရှေ့ဘက်ကမ်းရိုးတန်းတွင် အများဆုံးတွေ့ကြုံခဲ့ရသည်ဟု ဆိုသည်။

၂၀၀၇ ခုနှစ်ကလည်း အဆိုပါဆော်လမွန်ကျွန်းတွင် အင်အားရစ်ချ်တာစကေး ၈ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ ဆူနာမီဖြစ်ပေါ်ခဲ့ပြီး လူ ၅၂ ဦးသေဆုံးမှုနှင့် နေအိမ်ထောင်ပေါင်းများစွာ ပျက်စီးမှုများ ကြုံတွေ့ခဲ့ရသည်။ **(ဘီဘီစီ)**



တင်မောင်လွင်-စုစည်းသည်

ပြည်တွင်းသတင်း

၂၀၁၃ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၁၃ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အားပေး၍ ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေနှင့်ဇနီး ဒေါ်ဝေမာမာထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းမှူးများနှင့်ဇနီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ အရာရှိ စစ်သည် မိသားစုများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ တပ်နယ်(၆)ခုနှင့် တောင်ငူတပ်နယ်မှအရာရှိ စစ်သည်မိသားစုများ၊ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ စုစုပေါင်းအင်အား ၂၀၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲမစတင်မီ နိုင်ငံကျော်အဆိုတော်များက မြဝတီတေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံသာများ သီဆိုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးအားကစားပြိုင်ပွဲ (က) အဆင့် ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့်တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

၎င်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးအားကစားပြိုင်ပွဲ(က)အဆင့် ဗိုလ်လုပွဲယှဉ်ပြိုင်အပြီးတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်းအတွင်းသို့ တပ်မတော်(ကြည်း) စစ်တီးဝိုင်းအဖွဲ့၊ တပ်မတော်(ရေ)စစ်တီးဝိုင်းအဖွဲ့နှင့်တပ်မတော်(လေ) စစ်တီးဝိုင်းအဖွဲ့များက တစ်ပြိုင်တည်း ဝင်ရောက်နေရာယူကြကာ စစ်ချီသီချင်းများနှင့် ကိုယ်စားပုံဖော်ပြသခြင်းများကို အသီးသီး သရုပ်ပြသကြသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း (၁၇)သင်းနှင့် ဆုရဘောလုံးအသင်း ခြောက်သင်းတို့သည် ဇေယျာသီရိ တပ်မတော် အားကစားကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ (ခ)အဆင့် ပြိုင်ပွဲတွင် တတိယဆုရရှိသော အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ်အသင်း၊ (က)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းများနှင့် အသန့်ရှင်းဆုံးဆုရရှိသော အသင်းများအားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မြတ်ဟိန်းက (ခ)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အရှေ့တောင်တိုင်းစစ်ဌာနချုပ် (ခ)အသင်း၊ (က) အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းနှင့် (ခ)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆု ရရှိသူများအား လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေက (ခ) အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်အသင်း၊ (က) အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် (က) အဆင့်ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးအား ကစားသမားဆုရရှိသူများအားလည်းကောင်းငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များအား အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းက (ခ) အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများအားလည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းက (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများအားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၁၃ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၇၃ ခု၊ ငွေတံဆိပ် ၄၆ ခု၊ ကြေးတံဆိပ် ၆၂ ခု စုစုပေါင်း ဆုတံဆိပ် ၁၈၁ ခုဖြင့် ဆုအများဆုံးရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိက လက်ခံရယူသည်။

ဆုချီးမြှင့်ခြင်းအခမ်းအနားအပြီးတွင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း (၁၇) သင်းနှင့်တပ်မတော် (ကြည်း၊ ရေ၊ လေ) ကိုယ်စားပြု စစ်တီးဝိုင်းများက စစ်ကြောင်းပုံဖြင့်ချီတက်၍ ပရိသတ်အားလက်ဝှေ့ယမ်းနှုတ်ဆက်ကာ ဇေယျာသီရိ တပ်မတော်အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်များက ပြန်လည်လက်ပြနှုတ်ဆက်ကြသည်။

၂၀၁၃ခုနှစ်တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဆုချီးမြှင့်ခြင်းနှင့်ပိတ်ပွဲအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများ ပစ်ဖောက်၍ **(အပေါ်ပုံ)** ၂၀၁၃ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားနှင့် ကွင်းပိတ်ပွဲအခမ်းအနားအား အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှ

မေး ။ ။ ဘုရင့်နောင်ခုံးကျော်တံတားရဲ့ တည်ဆောက်နေမှုလုပ်ငန်းတွေရဲ့ လုပ်ငန်းတစ်ခုချင်းအလိုက် ပြီးစီးမှုအခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။

ဒေါ်စိုးစိုးတင် ။ ။ “ဒီစီမံကိန်းမှာ အဓိကအနေနဲ့လုပ်ငန်းအပိုင်းသုံးပိုင်းရှိပါတယ်။ ပထမလုပ်ငန်းဖြစ်တဲ့မြေပြင်လုပ်ငန်းကတော့ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ ဒုတိယလုပ်ငန်းဖြစ်တဲ့ ဘုရင့်နောင်လမ်းအတိုင်းတည်ဆောက်မယ့် ဒုတိယ အလွှာတံတားလုပ်ငန်းကတော့ ၃၅ ရာခိုင်နှုန်းပြီးစီးနေပြီး သမိုင်းဘူတာရုံလမ်းအတိုင်း တည်ဆောက်မယ့် တတိယအလွှာတံတားတည်ဆောက်ရေးလုပ်ငန်းကတော့ ၂၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်။

မေး ။ ။ လှိုင်သာယာဘက်ကလာတဲ့ ခုံးကျော်တံတားအပိုင်းမှာ လက်ရှိဘယ်လိုလုပ်ငန်းတွေ လုပ်နေသလဲဆိုတာလည်း သိရှိလိုပါတယ်။

ဒေါ်စိုးစိုးတင် ။ ။ ဘိုင်းပိုင်ကွန်ကရစ်လောင်းတဲ့ လုပ်ငန်းတွေပြုလုပ်နေပါတယ်။ ချဉ်းကပ်လမ်းအတွက် Cross bean တွေတော့ ပြုလုပ်နေပြီဖြစ်ပါတယ်။ PR တိုင်တွေရဲ့ ဖောင်ဒေးရှင်း အခက်အခဲတော့ သိပ်မရှိပါဘူး။

မေး ။ ။ ဘုရင့်နောင်ဘက်ခြမ်း (အင်းစိန်ဘက်ခြမ်း)မှာ တည်ဆောက်နေမှုလုပ်ငန်းတွေကိုလည်း ရှင်းပြပါဦး။

ဒေါ်စိုးစိုးတင် ။ ။ ဘိုးပိုင်တွေ ကွန်ကရစ်လောင်းတာလုပ်နေတယ်။ PR တိုင်လုပ်ငန်းတွေကိုလည်း ပြီးစီးနေပါပြီ။ ချဉ်းကပ်လမ်းအတွက် Cross bean တွေလည်း ပြုလုပ်ပြီးစီးနေပြီး ပင်မခုံးကျော်တံတားလုပ်ငန်းတွေကို ပြုလုပ်နေပါတယ်။

မေး ။ ။ သမိုင်းချောင်းဘက်က ခုံးကျော်တံတား တည်ဆောက်မှုလုပ်ငန်းတွေကိုလည်း ပြောပြပေးပါအုံး။

ဒေါ်စိုးစိုးတင် ။ ။ မြေပြင်မှာ ကားလမ်းတိုးချဲ့တဲ့လုပ်ငန်းကတော့ပြီးစီးနေပါပြီ။ မကြာမီရက်ပိုင်းအတွင်းမှာ ဘိုးပိုင်လုပ်ငန်းတွေကိုပြုလုပ်တော့မှာ ဖြစ်ပါတယ်။ လမ်းရဲ့အလယ်ဗဟိုမှာ ဘိုးပိုင်လုပ်ငန်းတွေပြုလုပ်မှာ ဖြစ်ပေမယ့် ယာဉ်သွားလာမှု မထိခိုက်အောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် သမိုင်းချောင်းတံတား တိုးချဲ့ခြင်းလုပ်ငန်းကိုလည်း ပြုလုပ်နေပါတယ်။ မကြာခင်ပြီးစီးမှာပါ။

မေး ။ ။ သမိုင်းဘူတာရုံဘက်ခြမ်းက ခုံးကျော်တံတားတည်ဆောက်မှုပြုလုပ်နေတဲ့ အခြေအနေကိုလည်း သိရှိလိုပါတယ်။

ဒေါ်စိုးစိုးတင် ။ ။ လမ်းဘေးဝဲယာမှာ လမ်းတိုးချဲ့ခြင်းလုပ်ငန်းတွေ၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းတွေ၊ လျှပ်စစ်ဓာတ်တိုင်နဲ့ မီးကြိုးလုပ်ငန်းတွေ ပြုလုပ်နေပါတယ်။ လာမယ့် မတ်လလောက်မှာ ဘိုးပိုင်လုပ်ငန်းတွေ စတင်တော့မှာဖြစ်ပါတယ်။ လေးဘက်လေးတန်မှာရှိတဲ့ ဘုရင့်နောင်ခုံးကျော်တံတားလုပ်ငန်းတွေကို တစ်ပြိုင်တည်းပြုလုပ်နေခြင်း ဖြစ်ပါတယ်။

မေး ။ ။ ဒီလိုခုံးကျော်တံတားတည်ဆောက်နေချိန်မှာ ယာဉ်ကြောပိတ်ဆို့မှု ပိုမိုထိခိုက်တာမျိုးရှိနေသလားဆိုတာ သိရှိလိုပါတယ်။

ဒေါ်စိုးစိုးတင် ။ ။ လက်ရှိအချိန်အထိ ဘုရင့်နောင်ခုံးကျော်တံတား တည်ဆောက်မှုလုပ်ငန်းခွင်ကြောင့်ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်အောင်ဆောင်ရွက်နေပါတယ်။ ယာဉ်ကြောပိတ်ဆို့မှု မထိခိုက်အောင်အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေပါတယ်ဟုဖြေကြားသွားသည်။

လေးလမ်းသွား

ဘုရင့်နောင်ခုံးကျော်တံတားသည် ယာဉ်အသွားအလာများပြားမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို လျော့ကျသွားစေရန် အထောက်အကူပြုမည်ဖြစ်သည်။ နှစ်ထပ်ခုံးကျော်တံတားအမျိုးအစားဖြစ်ပြီး ထိုင်းနိုင်ငံမှ ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်သည်။ ဒုတိယအလွှာ(ပထမထပ်) တံတားသည် အရှည် ၁၄၂၇ပေ ၃လက်မနှင့်အကျယ် ၅၇ ပေ ၉လက်မရှိကာ လေးလမ်းသွားဖြစ်သည်။ ချဉ်းကပ်လမ်းအလျားမှာ ၅၁၆ပေ ၂လက်မဖြစ်ပြီး တံတားခံနိုင်ရည်မှာ ၇၅တန်ဖြစ်သည်။

တတိယလွှာ (ဒုတိယထပ်) တံတားမှာ အရှည်၂၄၁၄ပေ ၁၀လက်မရှိပြီး အကျယ် ၃၂ပေ ၁၀လက်မဖြစ်ကာ နှစ်လမ်းသွားဖြစ်သည်။ တံတားခံနိုင်ရည်ဝန်မှာ တန် ၆၀ဖြစ်ပြီး မြေပြင်မှ ၄၇ ပေ ၄လက်မဖြစ်ကာ ချဉ်းကပ်လမ်းအလျားမှာ ၃၉၃ပေ ၉လက်မဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ဆောင်းပါး

မောင်တောဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်

မြင့်စိုး(နတလ)

မောင်တောဒေသမှ စံပြကျေးရွာများ

၁၉၈၀ပြည့်လွန်နှစ်များ၌ ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များအတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် ဒေသခံတိုင်းရင်းသားများသည် မိမိတို့ကျေးရွာများကို စွန့်ခွာတိမ်းရှောင်ခဲ့ကြရသည်။ နိုင်ငံတော်အစိုးရသည် ၁၉၉၁ ခုနှစ်မှ စတင်၍ ယင်းကျေးရွာပျက်များတွင် ပျံ့ကျဲဝင်ရောက်နေထိုင်လျက်ရှိကြသော ရခိုင်၊ ခမီး၊ မြို၊ သက်၊ ဒိုင်းနက် စသည့် တိုင်းရင်းသားများကို စုစည်းကာ စံပြကျေးရွာများ ထူထောင်ပြီး စနစ်တကျ ပြန်လည်နေရာချထားပေးခဲ့သည်။ မိသားစုအလိုက် နေအိမ်တစ်လုံး၊ လယ်မြေ သုံးဧက၊ ယာမြေတစ်ဧက၊ နွားတစ်ရှဉ်း၊ လှည်းတစ်စီးနှုန်း ထောက်ပံ့ပေးခဲ့သည်။ သို့သော် ယင်းဒေသများသည် ပထဝီအနေအထားအရ အရေးပါသော နေရာဒေသများဖြစ်နေခြင်း မြေဆီဩဇာကောင်းမွန်သော စိုက်ပျိုးမြေ ပေါများခြင်းတို့ကြောင့် လူဦးရေသိပ်သိပ်သည်းသည်း နေရာချထားပေးရန် လိုအပ်လာခဲ့သည်။ သို့ဖြစ်ပေရာ ၁၉၉၉ ခုနှစ်မှစတင်၍ နတလမှ ရွာပေါင်း ၁၈ ရွာ အသစ်တည်ဆောက်ပေးခြင်း၊ ယခင်ရှိပြီး ရွာဟောင်း ၂၀ကို ပြုပြင်တည်ဆောက်ပေးခြင်းများ ပြုလုပ်လျက် စံပြကျေးရွာပေါင်း ၃၈ ရွာ ထူထောင်ပေးခဲ့သည်။

ယင်းစံပြကျေးရွာ ၃၈ ရွာမှာ မောင်တောမြို့နယ်အတွင်း၌ အောင်သပြေ၊ ရန်ခါးစေတီ၊ သုပဏ္ဏက၊ မင်းခမောင်း၊ နန်းရာကိုင်း၊ မင်္ဂလာညွန့်၊ မြဝတီ၊ ရန်အောင်မြင်၊ ရေမျက်တောင်၊ အောင်မင်္ဂလာ၊ အောင်ဇေယျ၊ အောင်သာယာ၊ သုခမြိုင်၊ ကသည်း၊ တောင်ပြိုလက်ဝဲ၊ ဝေသာလီ၊ ဒီပီအေ၊ သရေကုန်းဘောင်၊ ဖားဝပ်ချောင်း၊ ပဲရုံ၊ မောရဝတီ၊ ကျောက်ပန္နူ၊ ဥဒေါင်း၊ ကိုင်းကြီး၊ ရွှေရင်အေး၊ လောင်းဒုံ၊ ခရေမြိုင် ဟူ၍ ၂၇ ရွာ၊ ဘူးသီးတောင်မြို့နယ်အတွင်း၌ ဂန္ဓမာ၊ အင်ကြင်းမြိုင်၊ သရဖီ၊ ကျွဲရိုင်း၊ ကထိလှ၊ ဝါးခုတ်ချောင်း၊ မင်းလှကိုင်း၊ ကျောက်စာတိုင်၊ ကံ့ကော်မြိုင်ဟူ၍ ကိုးရွာ၊ ရသေ့တောင်မြို့နယ်အတွင်း၌ ပိတောက်မြိုင်၊

မောင်တောမြို့နယ် ရွှေရင်အေးကျေးရွာ၌ ပြန်လည် တည်ဆောက်ပေးထားသော နေအိမ်များကို တွေ့ရစဉ်။

သဇင်မြိုင်ဟူ၍ နှစ်ရွာတို့ဖြစ်ပြီး စာသင်ကျောင်း၊ ဆေးပေးခန်းစသည်တို့ကိုပါ ထည့်သွင်းလျာထားတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ မိသားစုအလိုက် လတ်တလောစားဝတ်နေရေးအတွက် လူတစ်ဦး တစ်ရက်လျှင် ဆန် ၂၈ အောင်စ၊ ပဲ ငါးကျပ်သား၊ ဆီ ၂ ဒသမ ၅ကျပ်သား၊ ဆား ဝ ဒသမ ၇၅ကျပ်သား ဟူသော ရိက္ခာ(၄)မယ်ကို ရိက္ခာစိုငွေနှင့်အတူ တစ်နှစ်စာထောက်ပံ့ပေးခဲ့သည်။ ယခင်ပေးခဲ့ဖူးသော လှည်း၊ နွားများအစား လေးအိမ်ထောင်လျှင် လက်တွန်းလယ်ထွန်စက် တစ်စီးသတ်မှတ် ထုတ်ပေးခဲ့ပြီး မိသားစုအလိုက် ဆိုက်ကား တစ်စီး၊ အပ်ချုပ်စက် တစ်လုံးစီ ဝယ်ယူထောက်ပံ့ပေးခဲ့ပါသည်။

စံပြကျေးရွာ ၃၈ ရွာအနက် ၃၂ရွာတွင် စာသင်ကျောင်းများ ဖွင့်လှစ်ပေးခဲ့ကာ အောင်သပြေနှင့် တောင်ပြိုလက်ဝဲတွင် အလက အဆင့် တိုးမြှင့်ပေးခဲ့သည်။ တိုက်နယ်ဆေးရုံ တစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဆေးပေးခန်း ၂၀၊ ကြေးနန်းရုံးသုံးရုံး၊ စာတိုက်ခုနစ်ခု၊ ဘုန်းကြီးကျောင်း ၃၇ ကျောင်း၊ စေတီလေးဆူ ဆောက်လုပ်တည်ထားပေးခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်း ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် စံပြကျေးရွာအချို့ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ဒေသခံတိုင်းရင်းသားများအား ကယ်ဆယ်ရေးစခန်းများ၌ ထားရှိစောင့်ရှောက်မှုပေးခဲ့သည်။ ယင်းကဲ့သို့ အသက်အိုးအိမ်နှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးပြီး နေရပ်စွန့်ခွာ တိမ်းရှောင်လာရသော ဒေသခံတိုင်းရင်းသားပြည်သူများကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေး၊ ဘဝရပ်တည်ချက်ခိုင်မာကာ မူလအခြေအနေထက်သာလွန်ကောင်းမွန်သော လူမှုစီးပွားဘဝများ ပိုင်ဆိုင်နိုင်ရေးတို့အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးခဲ့သည်။

အမြဲတမ်းကျေးလက်နေအိမ်များ ပြန်လည်တည်ဆောက်

ယင်းအစီအမံအရ မောင်တောမြို့နယ်အတွင်းမှ ဝေသာလီ၊ ခရေမြိုင်၊ ရွှေရင်အေး၊ သရေကုန်းဘောင်၊ မောရဝတီ၊ ကိုင်းကြီး၊ ကန်သာယာအလယ်၊ ကင်းချောင်း၊ ဗောဓိကုန်းနှင့်ကန်ပြင် သာစည်ကျေးရွာတို့တွင်လည်းကောင်း၊ မောင်တောမြို့ပေါ်ရပ်ကွက်အချို့တွင်လည်းကောင်း၊ အမြဲတမ်းကျေးလက်နေအိမ်များ ပြန်လည်တည်ထောင်ပေးလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၂ လုံး၊ UNHCR က ၂၂၂ လုံး၊ CARE MYANMAR က ၁၂၈ လုံး၊ စုစုပေါင်း ၅၅၂ လုံး အသီးသီးတာဝန်ယူဆောက်လုပ်ခဲ့ကြသည်။ (၃၀-၁-၂၀၁၃) ရက်နေ့အထိ ပြီးစီးမှုမှာ ၂၄၃ လုံး ဖြစ်၍ ကျန် ၃၀၉ လုံးအား ဆက်လက်ဆောက်လုပ်လျက်ရှိသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၃၉ လုံး၊ UNHCR မှ ၁၄၂ လုံး၊ CARE MYANMAR မှ ၁၂၈လုံး ဆက်လက်ဆောက်လုပ်ပေးရန် ကျန်ရှိသည်။ ဆောက်လုပ်ပြီးစီးပြီဖြစ်သော နေအိမ်သစ်များနှင့် ပြုပြင်မွမ်းမံပေးပြီး မူလနေအိမ်များတွင် ဒေသခံတိုင်းရင်းသားများအား ပြန်လည်နေရာချထားပေးခဲ့ရာ ဝေသာလီ၊ ရွှေရင်အေး၊ ခရေမြိုင်၊ ဒီပီအေကျေးရွာများသို့ မိသားစုအားလုံး ပြန်လည်ပြောင်းရွှေ့နေရာချထားပေးပြီးဖြစ်သည်။ တည်ဆောက်ပြီး ကျေးရွာတိုင်း၌အိမ်များကို ခြံစည်းရိုးကာရံခြင်းနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများပါ ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ပြန်လည်နေရာချထားပြီး ကျေးရွာများ၌ SKY NET(DTH) ရုပ်သံဖမ်းစက်များကိုလည်း တပ်ဆင်ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

အလားတူ မောရဝတီကျေးရွာ၊ သရေကုန်းဘောင်၊ ကိုင်းကြီး(ရွာဟောင်း)၊ ဗောဓိကုန်း၊ ကင်းချောင်း၊ ကန်သာယာကျေးရွာတို့ရှိ ပြီးစီးသွားသော နေအိမ်အချို့တွင် မိသားစုများအား ပြန်လည်နေရာချထားပေးပြီး ကျန်မိသားစုဝင်များကို ၎င်းကျေးရွာများအနီး စနစ်တကျ ဆောက်လုပ်ပေးထားသော ယာယီရွက်ဖျင်တဲများ၌ နေရာချထားပေးပြီးဖြစ်သည်။

ယာယီရွက်ဖျင်တဲများဆောက်လုပ်ပေး

မောင်တောမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများဖြစ်သော ဝေသာလီစခန်း၊ လေးမိုင်စခန်း၊ပရဟိတ၊အထက(၁)၊အလယ်သံကျော်စခန်း၊ အောင်မြေဗောဓိစခန်းများမှ ဒေသခံတိုင်းရင်းသား မိသားစုများအတွက် ၎င်းတို့၏ မူလနေထိုင်ရာ ကျေးရွာများတွင် အမြဲတမ်းနေအိမ်များ ပြန်လည်တည်ဆောက် မွမ်းမံပြုပြင်ပေးနေချိန်၌ ယင်းကျေးရွာများအနီး၌ပင် ယာယီရွက်ဖျင်တဲများတည်ဆောက်ကာ ဩဂုတ်လဆန်းပိုင်းမှစ၍ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ ယာယီရွက်ဖျင်တဲများ၌ မိသားစုအလိုက် စိတ်ချမ်းမြေ့စွာ တစုတစည်းတည်း နေထိုင်နိုင်ရန် ကွပ်ပျစ်များပါ ထည့်သွင်းဆောက်လုပ်ပေးခဲ့ရာ စုစုပေါင်း ယာယီတဲ (၄၂၅) လုံးတွင် ကွပ်ပျစ် ၁၇၀၀လုံးထည့်သွင်းပေးထားသည်။ နေရာထိုင်ခင်းစီစဉ်ဆောင်ရွက်ခြင်းနှင့်အတူ အိမ်ထောင်စု ၂၀ စုလျှင် ရေတုံကင် တစ်တွင်းနှုန်း၊ လူဦးရေ ၂၀ ဦးလျှင် ယာယီအိမ်သာ တစ်လုံးနှုန်း လျာထားဆောင်ရွက်ပေးခဲ့သည်။

အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်

မူလကျေးရွာများအနီး၌ပင် ယာယီရွက်ဖျင်တဲများ ဆောက်လုပ်၍ နေရာချထားပေးခြင်းဖြင့် ရွာသူရွာသားများသည် ကျေးရွာအလိုက် အသစ်တည်ဆောက်မွမ်းမံပြုပြင်ပေးလျက်ရှိသော အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်ပြီး ဝင်ငွေရရှိစေခဲ့သည်။ အလားတူ အိမ်ဆောက်လုပ်သားများ၊ ကျွမ်းကျင်သူများ ၎င်းရမ်းအသုံးပြုရာ၌ ရခိုင်တိုင်းရင်းသားနှင့်ဘင်္ဂါလီတို့ကို ခွဲခြားခြင်းမပြုဘဲ အတူပါဝင်လုပ်ကိုင်ခွင့်ရခြင်း၊ ရင်းနှီးမှုရရှိစေခြင်းဖြင့် နှစ်ဖက်ပဋိပက္ခများ လျော့ပါးစေရန် ဖော်ဆောင်သည့်နေရာတွင် အထောက်အကူဖြစ်စေခဲ့သည်။

ကျေးလက်လမ်းများဖောက်လုပ်

ကျေးရွာအလိုက် နေအိမ်များတည်ဆောက်ပေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးလင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ သားသမီးများ၏ ပညာရေးကိစ္စများ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဒေသခံတိုင်းရင်းသားတို့ကို ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများရရှိစေခဲ့သည်။ ထို့အတူ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ပေးစွမ်းနိုင်မည့်အပြင် ဒေသ၏ လူမှုစီးပွားများ မြင့်မားတိုးတက်ရေးကို အထောက်အကူပြုစေမည့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း (၁၃/၄) မိုင်အား (၁၉-၁၂-၂၀၁၂) ရက်နေ့မှစ၍ ယာဉ်/ယန္တရား ၁၄ စီးဖြင့် မြေသားလမ်းအကျယ် ၂၄ ပေ ၆ လက်မထု၊ ကွန်ကရစ်လမ်း အကျယ် ၁၆ ပေ ၈ လက်မထု ဖောက်လုပ်လျက်ရှိရာ ယခုအခါ (၁၃/၄) မိုင်အား မြေသားလမ်းဖောက်ပြီးဖြစ်သည်။ ၎င်းအပြင် ဝေသာလီ

မောင်တောမြို့နယ် ရွှေရင်အေးကျေးရွာ၌ ပြန်လည်တည်ဆောက်ပေးထားသော ဦးခိုင်သိန်း၏ နေအိမ်ကို တွေ့ရစဉ်။

ကျေးရွာမှ ရွှေရင်အေးကျေးရွာအထိ နှစ်မိုင်အား မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။ ယင်းလမ်းသည် ဝေသာလီ၊ ကံပြင်သာစည်၊ ရွှေရင်အေး၊ ကန်သာယာ၊ ဗောဓိကုန်း၊ ခရေမြိုင်၊ ကင်းချောင်း၊ သရေကုန်းဘောင်၊ ကိုင်းကြီး၊ မောရဝတီ၊ ဥဒေါင်းစသည့် တိုင်းရင်းသားကျေးရွာ (၁၁)ရွာကို ဖြတ်သန်းပြီး တောင်ပြိုလက်ဝဲ-ကျီးကန်းပြင်- မောင်တော-အလယ်သံကျော်-အငူမော်လမ်းနှင့် ဆက်သွယ်နိုင်မည်ဖြစ်သည်။

ဒေသဖွံ့ဖြိုးမှုမှ အမျိုးသားအကျိုးစီးပွားသို့

ဖော်ပြပါ မောင်တောဒေသ၌ ၂၀၁၂ ဇွန်လတွင် ဖြစ်ပွားခဲ့သော အခြေအနေများကြောင့် မီးလောင်ဆုံးရှုံးခဲ့သော ကျေးရွာများအား ပိုမိုကောင်းမွန်ပြည့်စုံသော ကျေးရွာများအဖြစ် တည်ဆောက်ပေးလျက်ရှိရာ မောင်တောဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ယခင်အခြေအနေထက် ပိုမိုကောင်းမွန်သော အခြေအနေ တွေ့မြင်ရပြီဖြစ်ပါသည်။ မောင်တောဒေသသည် နိုင်ငံ၏ အနောက်ဘက်တံခါးဝ ဖြစ်သဖြင့် တစ်ဖက်နိုင်ငံမှကြည့်ပါက မြန်မာနိုင်ငံ၏ အသွင်သဏ္ဌာန်၊ မြန်မာတို့၏ ရိုးရာဓလေ့၊ မြန်မာတို့၏ နေထိုင်မှုပုံစံများကို အလွယ်တကူတွေ့မြင်ရမည့် နေရာဒေသလည်း ဖြစ်ပါသည်။ ၎င်းဒေသ၌ မှီတင်းနေထိုင်သော တိုင်းရင်းသားတို့၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှုများ ပိုမိုထွန်းကားပြန့်ပွားလာစေရန် လူမှုဘဝ နေထိုင်မှုပုံသဏ္ဌာန်များ ပိုမိုမြင့်မားလာစေရန်၊ စီးပွားရေးဆောင်ရွက်မှုပုံသဏ္ဌာန်များ ပိုမိုဖြစ်ထွန်း အောင်မြင်လာစေရန် ဆောင်ရွက်ခြင်းသည် နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကို ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ မောင်တော၊ ဘူးသီးတောင်ဒေသများဖွံ့ဖြိုးတိုးတက်လာအောင် အလျင်အမြန်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်းဟု ခံယူပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးသည် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲရေး၊ မိမိနိုင်ငံ၏ အကျိုးစီးပွား ထာဝရဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားသွေးချင်းများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထာဝစဉ် အလေးထားဆောင်ရွက်လျက်ရှိကြပေသည်။

ထို့ကြောင့် ဘူးသီးတောင် မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လူ့အခွင့်အရေး ရှုထောင့်တစ်မျိုးတည်းမှကြည့်လျက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ယနေ့ကမ္ဘာတွင်ဖြစ်ပေါ်နေသော ပကတိအခြေအနေမှန်များအပေါ် သိရှိနားလည်ပြီး နိုင်ငံတော်၏အမျိုးသားရေး အကျိုးစီးပွားကို ရှေးရှုလျက် မှန်မှန်ကန်ကန် မျှမျှတတဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

အမြို့ မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

မြိတ်မြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး မြေစိုက်ပိုစတာဖွင့်

မြိတ် ဖေဖော်ဝါရီ ၆

မြိတ်မြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးမြေစိုက်ပိုစတာ ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီက ပုလဲရတနာခန်းမရှေ့တွင် ကျင်းပရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်နှင့် World Vision မြိတ်စီမံချက် မန်နေဂျာဦးဇော်မင်းတို့က ပညာပေး မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ယင်းနောက် ဖွင့်ပွဲတက်ရောက်လာကြသူများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့မှ ပညာပေး လက်ကမ်းစာစောင်များ ဝေငှကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

လွှတ်တော်ရေးရာကဏ္ဍ

✻ ပြည်သူ့လွှတ်တော်မှ

ဆောင်ရွက်ပေးခြင်း၊ အင်းလေးကန်အတွင်း အိမ်များတိုးလာခြင်းကို စိစစ်ဆောင်ရွက်ခြင်း၊ ဟိုတယ်၊ စားသောက်ဆိုင်နှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများနှင့် အညစ်အကြေးများ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းကို ကန့်သတ်ထိန်းချုပ်ခြင်း၊ စည်ပင်သာယာ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ သန့်စင်သည့်စနစ်များ ဆောင်ရွက်ခြင်းနှင့် အင်းလေးကန်အတွင်း ငါးများ ရှော့ခ်ရိုက်ဖမ်းဆီးခြင်းများကြောင့် ငါးမျိုးများပြုန်းတီးလာမှုကို ကာကွယ်ထိန်းသိမ်းနိုင်ရန် ပြန်လည်ဖြည့်ဆည်းပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စွန့်ပစ်ပစ္စည်းများတွင် စည်ပင်သာယာစွန့်ပစ်ပစ္စည်း၊ အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းနှင့် ဇီဝစွန့်ပစ်ပစ္စည်းအမျိုးအစားများရှိပြီး စွန့်ပစ်ပစ္စည်းအားလုံးကို ပြန်လည်ပြုပြင်ထုတ်လုပ်၍ မရနိုင်ပါသောကြောင့် အင်းလေးကန်ဒေသအတွင်း နေ့စဉ်ထွက်ရှိသောအမှိုက်များကို ပြန်လည်ပြုပြင်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်မည်ဆိုပါက ရှေးဦးစွာဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုပြုလုပ်သကဲ့သို့ ပြန်လည်ပြုပြင်ထုတ်လုပ်သည့် စက်ရုံတည်ထောင်နိုင်ရေးအတွက် မူတည်စဉ်းစားဆောင်ရွက်ရမည့်အချက်များလည်းရှိပါကြောင်း၊ မှန်ကန်သော တည်နေရာအနေအထားဖြစ်ရန်၊ လူနေအိမ်များ၊ ယဉ်ကျေးမှုအမွေအနှစ် ဝန်းကျင်ဒေသများနှင့် ဝေးကွာသော သီးသန့်နေရာ အနေအထားဖြစ်ရန်၊ ပြန်လည်ပြုပြင်ထုတ်လုပ်သည့် စက်ရုံများမှ ထွက်ရှိမည့် စွန့်ပစ်ပစ္စည်းများမှာ ဓာတုဗေဒ၊ ပလတ်စတစ်နှင့် ဇီဝစွန့်ပစ်ပစ္စည်းများ စသည်ဖြင့် မျိုးစုံဖြစ်နိုင်သောကြောင့် ပတ်ဝန်းကျင် လေထု၊ မြေထုကို ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် မြင့်မားသောနည်းပညာဖြစ်ရန်၊ စောင့်ကြည့်အဖွဲ့ ဖွဲ့စည်းကာ စနစ်တကျလေ့လာ အကဲခတ်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြန်လည်ပြုပြင်ထုတ်လုပ်သည့် စက်ရုံတည်ထောင်လုပ်ကိုင်သူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်သော ဗဟုသုတအချက်အလက်များကို သိရှိနားလည်ထားပြီး အမှိုက်အမျိုးမျိုးကိုအသုံးပြု၍ ဆိုးကျိုးနည်းနိုင်သမျှနည်းအောင် လုပ်ကိုင်ဆောင်ရွက်နိုင်သူများကိုသာ စက်ရုံတည်ထောင်ဆောင်ရွက်ခွင့်ပြုရမည်ဖြစ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဖြေကြားချက်နှင့် ပတ်သက်၍ မေးခွန်းရှင် **ဦးဝင်းဆွေ**က “ဒုတိယဝန်ကြီးဖြေသွားတာကတော့ အမှန်တကယ်လိုအပ်နေတဲ့အချက်တွေကို အဓိကဦးစားပေးပြီးတော့ ဖြေကြားသွားပါတယ်၊ ဒီကိစ္စဟာ တကယ်တမ်းကျတော့လည်း အခက်အခဲများစွာရှိနေပေမယ့် ဒီလိုဟာမျိုးနဲ့ ပြန်လည်တွက်ဆကြည့်တော့ အချို့ဘိလပ်မြေစက်ရုံတို့၊ မီးခိုးထွက်မယ့် စက်ရုံမျိုးတွေကို အချို့ဒေသတွေမှာ ကန့်ကွက်နေကြတယ်၊ ကျွန်တော့်အနေနဲ့ကျတော့ ဖိတ်ခေါ်သလို ဖြစ်နေတယ်၊ ပြန်လည်ပြုပြင်ထုတ်လုပ်သည့် (Recycle)စက်ရုံတစ်ခုဟာ ဒီလောက်အထိ မီးခိုးတွေ၊ ဘာတွေသိပ်များများမထွက်ဘူး၊ အချို့ Recycle တွေကို ရန်ကုန်မြို့လိုမြို့ကြီးတွေမှာ ပြုလုပ်နေတာကြည့်တဲ့အခါ မီးခိုးတွေဒီလောက်ကြီးထွက်နေတာတို့၊ အညစ်အကြေး ဒီလောက်ထွက်နေတာတို့ မတွေ့ရဘူး၊ တကယ်တမ်းကျတော့ ပလတ်စတစ်တစ်ခုပဲ Recycle လုပ်နိုင်တယ်၊ အချို့ဟာတွေကိုကျတော့ မီးရှို့ရတယ်။

ဒီလိုကိစ္စမျိုးတွေ ရှိတော့ ကျွန်တော်တို့ဒေသမှာ ဒီလိုစက်ရုံမျိုး မဆောက်ပေးနိုင်ရင်လည်းဘဲ အမှိုက်တွေကို စည်းကမ်းတကျ မီးရှို့လို့ဖြစ်မယ့် နေရာတစ်ခု သတ်သတ်မှတ်မှတ်ရှိသင့်တယ်၊ အချို့ဟာတွေကျတော့လည်း Recycle ရှိတဲ့စက်ရုံတွေကို သေသေချာချာထုပ်ပိုးပြီးမှ ရောင်းချပေးဖို့ အစီအစဉ်မျိုး ရှိသင့်တယ်၊ ရှင်းရှင်းလင်းလင်း ပြောရရင်တော့ စွန့်ပစ်ဖို့ နေရာတစ်ခု သတ်သတ်မှတ်မှတ် ဒါမှမဟုတ် အချို့မီးရှို့လို့ရတဲ့ဟာတွေကျတော့လည်း မီးရှို့ဖို့အတွက်နေရာတစ်ခုပေါ့၊ ကျွန်တော်တို့ဒေသမှာက စည်ပင်သာယာက လုပ်ပေးဖို့အားနည်းနေတဲ့သဘောမျိုးဖြစ်နေတော့ ကိုယ်ထူကိုယ်ထလုပ်ရမယ်ဆိုတော့လည်း ငွေကြေးလုံလောက်မှုအခက်အခဲ နည်းနည်းရှိနေတဲ့အတွက် မေးရခြင်းဖြစ်ပါတယ်။

ကျွန်တော့်မေးခွန်းမှာလိုသွားတာက တကယ်လို့များ အမှိုက်စုပုံဖို့နေရာများ စည်ပင်သာယာက သတ်သတ်မှတ်မှတ်လုပ်ပေးမယ်ဆိုရင် လုပ်ပေးနိုင်သလားလို့ မမေးလိုက်ရဘူး၊ ကျွန်တော်တို့ဒေသမှာ မြို့ကြီး ပြကြီးတွေလို အုတ်ခုံတွေ၊ ဘာတွေနဲ့ စနစ်တကျ အမှိုက်စွန့်ပစ်ပြီးတော့ မီးရှို့ဖျက်ဆီးတဲ့ ကန်လိုဟာမျိုးလေး စည်ပင်သာယာက လုပ်ပေးရင်ကောင်းမယ်လို့မြင်ပါတယ်၊ ကျွန်တော့်အနေနဲ့ကတော့ ဒေသခံပြည်သူတွေရဲ့ တင်ပြချက်အတိုင်းပဲ တင်ပြပေးရခြင်းဖြစ်ပါတယ်၊ ဒုတိယဝန်ကြီးရဲ့ဖြေကြားချက်အပေါ်မှာ သူတို့သုံးသပ်ပြီးတော့ ဒေသခံပြည်သူလူထုလည်း နားလည်သွားမှာဖြစ်ပါတယ်၊ အခုလို ရှင်းရှင်းလင်းလင်းသိရှိရတဲ့အတွက် ပိုပြီးတော့တိုးတက်လာမယ်လို့လည်း မြင်ပါတယ်”ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ယနေ့ အစည်းအဝေးတွင် သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **နိုင်ငံသားများ၏တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာနေသော ပြည်သူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး အပ်နှင်းထားသောအာဏာကို အလွဲသုံးစား ဆောင်ရွက်ခဲ့သူများအား အရေးယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ရှင်းလင်းပြတ်သားမှုရှိပြီး ပြည်သူလူထုအား အကာအကွယ်ပေးမည့် အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးပါရန် ဤလွှတ်တော်က တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းခဲ့ရာ လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းနှင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တင်သွင်းခဲ့ပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီဝင် ဦးခင်မောင်ရွှေက ဖတ်ကြားရှင်းလင်းခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

✻ အမျိုးသားလွှတ်တော်မှ

အဖွဲ့အစည်းကြီး (၄)ဖွဲ့မှ ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများ၏ မှုခင်းများကို လည်းကောင်း၊ အစ္စလာမ်ဘာသာရေး အဖွဲ့အစည်းကြီး(၅)ဖွဲ့မှ အစ္စလာမ်ဘာသာရေး အဖွဲ့အစည်းများ၏ မှုခင်းများကိုလည်းကောင်း၊ ဟိန္ဒူဘာသာရေးအဖွဲ့အစည်းကြီး(၂)ဖွဲ့မှ ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများ၏ မှုခင်းများကိုလည်းကောင်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး ပြီးပြတ်ခြင်းမရှိပါက သာသနာရေးဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ် ဆောင်ရွက်ပေးပါကြောင်း၊ ထို့ပြင် တရားဥပဒေအရ ဆောင်ရွက်ရမည့် ကိစ္စများကို တည်ဆဲတရားဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် သီးသန့်ဥပဒေများ ပြဋ္ဌာန်းရန်မရှိကြောင်း။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း ဘာသာအသီးသီးမှ ဘာသာရေးအခမ်းအနားများ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ အဆိုပါ အခမ်းအနားများသို့ တက်ရောက်အားပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘာသာ၊ သာသနာအသီးသီး၏ လိုအပ်ချက်များကို လျင်မြန်လွယ်ကူစွာသိရှိကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် သာသနာရေးမှူးရုံးများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ညွှန်ကြားရေးမှူးတစ်ဦး၏ကြီးကြပ်မှုအောက်တွင် အခြားဘာသာများဌာနစုတစ်ခုကို ဖွဲ့စည်းထားရှိပြီးဖြစ်သဖြင့် သီးခြားဦးစီးဌာနများ ဖွဲ့စည်းရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားခဲ့သည်။

ဖြေကြားချက်နှင့် ပတ်သက်၍ မေးခွန်းရှင် ဦးပေါလ်ထန်ထိုင်းက “အခြေခံဥပဒေမှာပါရှိတဲ့ ဘာသာကြီး (၅)ခုကို နိုင်ငံတော်အစိုးရက ညီတူညီမျှစောင့်ရှောက်ပေးနေတယ်လို့ အခြားဘာသာဝင်တွေက မြင်နိုင်စေဖို့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ဘုရားကျောင်းတွေ၊ ကျမ်းစာသင်ကျောင်းတွေ ဆောက်လုပ်ခြင်း၊ နိုင်ငံခြားသို့ ဘာသာရေးဆိုင်ရာကျောင်းသွားတက်ခြင်း၊ အစည်းအဝေးတက်ခြင်း စတဲ့ကိစ္စရပ်တွေမှာ အလွယ်တကူခွင့်ပြုချက်ရရှိနိုင်ဖို့၊ ဘာသာတိုင်းရဲ့ရုံးချုပ်၊ ဌာနချုပ်အတွက် သင့်တင့်မျှတတဲ့ပံ့ပိုးမှုတွေရရှိဖို့၊ သာသနာရေးဝန်ကြီးဌာနအနေနဲ့ ရန်ပုံငွေခွဲဝေချိန်မှာ ဘာသာကြီး(၅)ခုရဲ့ အမည်နဲ့ယှဉ်တွဲပြီး ငွေဘယ်လောက်ခွဲဝေပေးတယ်ဆိုတာကိုဖော်ပြပေးဖို့၊ ဒါမှသာ အခြားဘာသာဝင်တွေရဲ့ အထင်အမြင်လွဲမှားမှုတွေ မဖြစ်ပေါ်မှာ ဖြစ်ပါတယ်။ လူဦးရေအနည်းအများအပေါ် မူတည်ပြီးတော့ ခွဲဝေပေးတာကို လက်ခံပါတယ်”ဟု ပြောပြခဲ့သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အမျိုးသားအစားအသောက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတို့အား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ တင်သွင်းထားသည့် **ဝေးလံခေါင်သီပြီး သွားလာရေးခက်ခဲသည့်မြို့နယ်များ မှ ဆေးကျောင်းသားများ ရွေးချယ်ရာတွင် အောက်ခြေလက်တွေ့ဘဝနှင့် ကိုက်ညီမှုမရှိသည့် (၈)တန်း၊(၉)တန်း၊(၁၀)တန်းကို မိမိဒေသမှ အောင်မြင်သူဖြစ်ရန်ဆိုသည့် မူစည်းမျဉ်းကို ပြန်လည်ပြင်ဆင်ပေးပါရန်** ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က ဆွေးနွေးကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးနိန်းခင်းပေါင်က ဆေးတက္ကသိုလ်ဝင်ခွင့်ပြု ကျောင်းသားဦးရေကို ရေတိုအစီအစဉ်ဖြင့် ယခင်ဦးရေ(၂၄၀၀)မှ(၁၂၀၀)သို့ လျှော့ချပြီး လက်ခံသင်ကြားပေးနေပြီ ဖြစ်ပါကြောင်း၊ ထို့ပြင် ကျောင်းသား (၆၀)ရာခိုင်နှုန်း၊ ကျောင်းသူ(၄၀)ရာခိုင်နှုန်း သတ်မှတ်၍ ဆေးတက္ကသိုလ်ဝင်ခွင့်ပြုခဲ့ရာ ကျောင်းသူများ၏ဆေးတက္ကသိုလ်ဝင်ခွင့်အနိမ့်ဆုံးရမှတ်နှင့် ကျောင်းသားများ၏ အနိမ့်ဆုံးရမှတ် ကွာဟချက်သည် အမှတ်(၃၀)ခန့် ဖြစ်နေသည့်အတွက် သင်ကြားရာတွင်ကွဲပြားသည့် ကျောင်းသားများပါဝင်နေသဖြင့် ဆေးပညာဘာသာရပ် သင်ကြားရာတွင် အခက်အခဲများစွာရှိပြီး ပညာသင်ကြားခွင့်ရပ်စဲရပါကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူဟူ၍ ခွဲခြားမှုမထားဘဲ တန်းတူ တက်ရောက်နိုင်ရေးတွင် အမျိုးသမီးကျောင်းသူများမှာလည်း ဉာဏ်ရည်မီ အဆင့်ထူးချွန်သူများလည်း ရှိကောင်းရှိမည်ဖြစ်၍ ဆေးတက္ကသိုလ်ဝင်ခွင့်ပြုရေး ရွေးချယ်ရာတွင် တန်းတူညီမျှစွာ ပါဝင်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ရှင်းလင်းဆွေးနွေးရာတွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကျောင်းသား(၅၀)ရာခိုင်နှုန်း၊ ကျောင်းသူ(၅၀) ရာခိုင်နှုန်းဖြင့် ဆေးတက္ကသိုလ်ဝင်ခွင့်ပြုထားပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေးကို ရှေးရှု၍ လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆)ခု ဖြစ်သည့် နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ “ဝ”နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိုက်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသော ဒေသများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍လည်းကောင်း ဆေးပညာကိုအမှန်တကယ်ဝါသနာပါပြီး၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ပြန်လည်ထမ်းဆောင်နိုင်မည့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင် ဆရာဝန်ကောင်းများ ပေါ်ထွန်းလာစေရေးတို့ကိုရည်ရွယ်၍ အဆိုပါဒေသများမှတက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး လျှောက်ထားသူများအနက်မှ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများကို အဆင့်ဆင့်ရွေးချယ်ခဲ့ပြီး ဆေးတက္ကသိုလ် (မကွေး)တွင် တက်ရောက်ခွင့်ပြုပြီးဖြစ်ပါကြောင်း။

ခက်ခဲဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် နေထိုင်ကြသော်လည်း တက္ကသိုလ်ဝင်စာမေးပွဲအား အခြားဒေသများမှ ဖြေဆိုအောင်မြင်ခဲ့သူများကို ခက်ခဲဒေသများ၌သာ နေထိုင်ကျောင်းတက်ခဲ့ရပြီး ထိုဒေသများမှ ကြိုးကြိုးစားစားဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ဆင်းရဲနွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများနှင့် တန်းတူယှဉ်ပြိုင်၍ ဆေးတက္ကသိုလ်ဝင်ခွင့်ရွေးချယ်မည်ဆိုပါက မျှတမှုမရှိသည့်အပြင် ခက်ခဲဒေသများ၌ နေထိုင်အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအတွက် အခွင့်အလမ်းများ လျော့နည်းသွားနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် သွားလာရေး၊ လူမှုရေးခက်ခဲသောဒေသများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ထမ်းဆောင်နိုင်မည့် ဆေးပညာရှင်ဆရာဝန်ကောင်းများ ပေါ်ထွန်းလာစေရေးနှင့် ယင်းဒေသနေ ကျောင်းသား၊ ကျောင်းသူများမှ ဆေးပညာသင်ကြားရန် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် ယခု အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်းနှင့် နောင်ပြောင်းလဲတိုးတက်လာမည့်ပညာရေးစနစ်နှင့် လိုက်လျောညီထွေမှုရှိအောင် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းအဆိုကို လွှတ်တော်၏ဆန္ဒရယူရာထောက်ခံမဲ(၁၈)မဲ၊ ကန့်ကွက်မဲ(၁၄၂)မဲ၊ ကြားနေမဲ(၂၂)ရှိပြီး ကန့်ကွက်ဆန္ဒမဲများသည့်အတွက် အဆိုအတည်မပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာရေးအဖွဲ့ဝင်များ နေပြည်တော်လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ၁၅ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ပြည်သူ့ဆက်ဆံရေးဌာနသတင်းစာ၊ သတင်းထောက်သင်တန်းအမှတ်စဉ်(၁)မှ သင်တန်းမှူးဦးစီး၍ အုပ်ချုပ်သူနှင့် သင်တန်းသား ၆၆ ဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၁၂ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကျင်းပနေပုံများကို လေ့လာပြီး **(ဝဲပုံ)** လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာ-ဂျပန်နှစ်နိုင်ငံပူးပေါင်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရဌာနများနှင့် ဂျပန်နိုင်ငံ KEIDENREN (Japan Business Federation) တို့အကြား စီးပွားရေးဆိုင်ရာမူဝါဒများ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည်။

ရှေးဦးစွာ KEIDENREN (Japan Business Federation) ဥက္ကဋ္ဌ Mr. Hiromasa Yonekura က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က အမှာစကားအသီးသီး ပြောကြားကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုလေး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဒုတိယအင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ဦးနှင့် လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းတို့က ဌာနဆိုင်ရာမူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းများနှင့်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်နှင့် ဦးဇေယျာအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ KEI-DENREN (Japan Business Federation) မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ (Japan Business Federation) မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် ဆွေးနွေးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီဖော်ဆောင်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးကို အစွမ်းကုန်ဆောင်ရွက်လျက်ရှိပြီး သဘာဝသယံဇာတများလည်း ပေါကြွယ်ဝသောနိုင်ငံဖြစ်၍ ဂျပန်နိုင်ငံအစိုးရနှင့် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များက အဓိကစီးပွားဘက်နိုင်ငံအဖြစ် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန်၊ မြန်မာ- ဂျပန်နှစ်နိုင်ငံပူးပေါင်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်အောင်ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ၏ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင်ကူညီဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနများ၏ဌာနအလိုက် ရှင်းလင်းတင်ပြမှုများကို အခြေခံ၍ လုပ်ဆောင်သင့်သည့် ကဏ္ဍများနှင့် ကူညီဆောင်ရွက်ရမည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပုဗ္ဗသီရိ မြို့နယ် ကျည်တောင်ကန်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင် မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ပြုပြင်မွမ်းမံပေးသော ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင် မူလတန်းကြိုကျောင်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါကျေးရွာတွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့်အဖွဲ့ဝင်များ၊ ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌတို့က မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က မူကြိုကျောင်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အဆိုပါ မူကြိုကျောင်းဖြစ်မြောက်ရေး အတွက် ကြီးမှူးဆောင်ရွက်ပေးကြသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် မူကြိုအရွယ်ကလေးများ၏ မိဘများ အသိပညာပေးအစီအစဉ်ကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါ မူလတန်းကြိုကျောင်း၌ ကျင်းပခဲ့သည်။ ထို့အပြင် အခြေခံပညာမူလတန်းကျောင်းသားကျောင်းသူများစာမေးပွဲတွင် အသုံးပြုမည့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းကို ၄င်းကျေးရွာအတွင်းရှိ အမက(၇၅)မူလွန်၊ မြို့မကျောင်းမူလွန်နှင့် အမက(၃) ချင်းရွာသို့လည်းကောင်း ဖေဖော်ဝါ ရီ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ အခြေခံပညာ တွဲဖက်အထက်တန်းကျောင်းနှင့် လယ်ဝေးမြို့နယ်အတွင်းရှိအင်ပုကျေးရွာ အမက(၁၈) မူလွန်ကျောင်းများသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး**(အပေါ်ပုံ)** တတိယနေ့ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌ ဒေါ်မြမြ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးရေးရာ နာယကများနှင့် ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာထွန်းက ရှေ့လုပ်ငန်းစဉ်များဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ရည်ရွယ်ချက်(၇)ရပ် အောင်မြင်ရေးအတွက် ကျစ်လျစ်ခိုင်မာသည့်စွမ်းအားဖြင့် စည်းရုံးဆောင်ရွက်နိုင်ရန် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအား စွမ်းရည်မြှင့်တင်ရေးနှင့် ခေါင်းဆောင်မှုသင်တန်းများပေးရန်၊ မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် အလေးထားဆောင်ရွက်ရန်၊ ကျေးလက်ဒေသနေ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်လျက်ရှိသော အသေးစားချေးငွေလုပ်ငန်းကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရပ်ကွက်ကျေးရွာအောက်ခြေအခြေခံပြည်သူများအတွက် ဦးစားပေးတိုးမြှင့်ဆောင်ရွက်ရန်၊ ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာသင်ယူခွင့်ရရှိစေရေးနှင့် ဘက်စုံပညာရည်မြှင့်တင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ရန်၊ ပညာသင်ဆုနှင့် ပညာရေးအထောက်အကူပြုလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ကူးစက်ရောဂါနှင့် ကူးစက်ခြင်းမရှိသောရောဂါများကာကွယ်တိုက်ဖျက်ရာတွင် ပြည်သူလူထုအခြေပြုကျန်းမာရေးလုပ်ငန်းများကို အမျိုးသမီးထုတစ်ရပ်လုံး၏ စွမ်းအားဖြင့် ပါဝင်ဆောင်ရွက်ရန်၊ လူမှုဆိုင်ရာ စောင့်ရှောက်မှုလိုအပ်သည့်သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် မိဘမဲ့ကလေးများအား စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန်၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် အကြမ်းဖက်ခံရသူများအတွက် လိုအပ်သည့်စောင့်ရှောက်မှုများကို ပံ့ပိုးကူညီဆောင်ရွက်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၊ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများတို့တွင် အစိုးရဌာနများ၊ ပြည်တွင်း ပြည်ပလူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အမျိုးသမီးများ သိသင့်သိထိုက်သောအခွင့်အရေးနှင့် ဥပဒေများကို သိရှိစေရန် ပညာပေးရေးနှင့်ဥပဒေရေးရာ အကူအညီပေးသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးတို့နှင့် ဆက်စပ်သည့်လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ရန်တို့ကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးက ဆုံးဖြတ်ချက်များဖြစ်သည့် ၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင်ချမှတ်သော ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရဌာနများ ဦးတည်ချက်တူညီသော ပြည်တွင်းပြည်ပ စေတနာ့ဝန်ထမ်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တက်ကြွစွာ လှုပ်ရှားဆောင်ရွက်ရန်၊ ကျေးလက်ဒေသနှင့်အမျိုးသမီးများ ဘဝဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်လျက်ရှိသော အသေးစားချေးငွေလုပ်ငန်းများကို စနစ်တကျ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ အမျိုးသမီးများအား အကြမ်းဖက်ခံရမှုတားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ပြုစုစောင့်ရှောက်ရေး၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေးနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် လူကုန်ကူးခြင်းခံရသော အမျိုးသမီးများနှင့် အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ ပြည်သူလူထုအခြေပြုသည့် ပညာရေးအထောက်အကူပြုလုပ်ငန်း၊ ကျန်းမာရေးပညာပေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်စပ်သည့်လုပ်ငန်းများတွင် ပံ့ပိုးကူညီဆောင်ရွက်ရန်နှင့် လူမှုရေးဆိုင်ရာစောင့်ရှောက်မှုလိုအပ်သည့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် မိဘမဲ့ကလေးများအား ကူညီစောင့်ရှောက်ထောက်ပံ့မှုများ ဆောင်ရွက်ရန်တို့ကို ဖတ်ကြားတင်ပြရာ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံအကျိုးပြု လုပ်ငန်းများကိုပါ ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဖွဲ့ဝင်များသည် အရေ အတွက်ရော အရည်အချင်းပါ ပြည့်စုံအောင် ဖြည့်ဆည်းရမည်ဖြစ်ပြီး အဖွဲ့ဝင်အချင်းချင်း စုပေါင်းတာဝန်ယူဆောင်ရွက်တတ်မှုရှိရန် လိုအပ်သည့်အပြင် လုပ်ငန်းသဘာဝခြင်းတူညီသည့် လူမှုရေးအဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတနှင့် လူထုအခြေပြု လူမှုအဖွဲ့အစည်းများ တွေ့ဆုံပွဲတွင် သမ္မတကြီးက ပြည်သူတို့၏ဆန္ဒဖြစ်သည့် တိုင်းပြည်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့နှင့်အတူ လူမှုအဖွဲ့အစည်းအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ မြန်မြန်ဆန်ဆန် အောင်မြင်နိုင်မည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည့်အတွက် မိမိတို့အဖွဲ့ဝင်အားလုံးကလည်း နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဖွဲ့ချုပ်၏မွန်မြတ်သောရည်ရွယ်ချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် ကျေးလက်ဒေသနေ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ ဆောင်ပုဒ်နှင့်အညီ ပိုမိုဦးစားပေးဆောင်ရွက်ပြီး ကျရာအခန်းကဏ္ဍမှ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရန် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်းဖြင့် ပြောကြားပြီး နှစ်ပတ်လည် အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**



* *ကျောဖုံးမှ*

ခဲ့ရာမှာ ဆင်ကိုပစ်သတ်ခဲ့တဲ့တရားခံသုံးဦးနဲ့ သူတို့အသုံးပြုခဲ့တဲ့ လက်နက်ကိရိယာတွေကို ဖမ်းဆီးရမိခဲ့ပါတယ်။ ကျန်တဲ့တရားခံသုံးဦးက ထွက်ပြေးလွတ်မြောက်နေတဲ့အတွက် ဖမ်းဆီးရမိဖို့ ဆောင်ရွက်နေဆဲပါ။

၂၀၁၂ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ နံနက် ၈ နာရီကလည်း ငပုတောမြို့နယ် တောင်ကလေးအုပ်စု ကျောက်ဖျာရွာအနီးမှာ ဆင်တစ်ကောင် အသတ်ခံထားရတာကို တွေ့ခဲ့ရပါတယ်။ ဆင်က အသက်(၁၀)နှစ်ခန့်ရှိ အနက်ရောင်ဟိုင်းဆင်အထီးဖြစ်ပြီး လွန်ခဲ့တဲ့ ခုနစ်ရက်လောက်က သတ်ဖြတ်ခံထားရတယ်လို့ခန့်မှန်းရပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ငပုတောမြို့နယ်ထဲက တရားခံကိုးဦးကို ဖမ်းဆီးရမိထားပြီး တစ်ဦးကတော့ ထွက်ပြေးတိမ်းရှောင်နေပါတယ်။ ဒီဖြစ်စဉ်နှစ်ခုနဲ့ပတ်သက်တဲ့တရားခံတွေကို ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၅(က)နဲ့ ၃၇(က)အရ ကြိုတင်တရားစွဲဆိုထားပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ် နှစ်နှစ်အတွင်း ဆင်ကောင်ရေ ၁၈ ကောင် သေဆုံးခဲ့ပါတယ်။ သေဆုံးတဲ့ဆင်တွေထဲမှာ ရောဂါကြောင့် သေဆုံးတာက ခုနစ်ကောင်ပဲရှိပြီး လူတွေပစ်ခတ်သတ်ဖြတ်လို့ သေဆုံးခဲ့ရတာက ၁၁ ကောင်ပါ။

ဦးကျော်ကျော်လွင်
ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးသစ်တောဦးစီးဌာန

မေး။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ဖြစ်ပွားခဲ့တဲ့အခြေအနေကိုလည်း ပြောပြပေးပါဦး။

ဖြစ်စဉ်က ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်းအကွက်အမှတ် (၁၀၉)မှာ ဖြစ်ပါတယ်။ ဇန်နဝါရီ ၂၈ ရက်နေ့က တောဆင်ရိုင်းတစ်ကောင်ကို ပစ်ခတ်သတ်ဖြတ်မှုဖြစ်ပွားခဲ့ပြီး နောက်တစ်နေ့မှာ သတ်ဖြတ်ခဲ့တဲ့တရားခံကို ဖမ်းမိခဲ့ပါတယ်။ အသတ်ခံရတဲ့ဆင်က အသက် ၁၅ နှစ်ခန့်အရွယ် ဆင်အထီးဖြစ်ပြီး အစွယ်တွေနဲ့ နှာမောင်းတွေကို ဖြုတ်ယူထားတာတွေ့ရပါတယ်။ ဆင်ပစ်တဲ့တရားခံက သုံးဦးဖြစ်ပြီး နှစ်ဦးကတော့ ထွက်ပြေး

ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်းတွင် ပစ်သတ်ခံရသည့် ဆင်၏အစွယ်များကို တွေ့ရစဉ်။

တိမ်းရှောင်နေဆဲပါ။ ဒီတရားခံတွေကို ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၇(က)ဖြင့် အရေးယူဆောင်ရွက်နေပါတယ်။

မေး။ စောစောကပြောတဲ့ ဥပဒေနဲ့ ချမှတ်နိုင်တဲ့ပြစ်ဒဏ်တွေကို ပြောပြပေးစေချင်ပါတယ်။

ပုဒ်မ၃၅(က)က လိုင်စင်မရရှိဘဲအမဲလိုက်ခြင်းဖြစ်ပြီး ဒီပြစ်မှုကိုကျူးလွန်ပါက ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၇(က)ကတော့ လုံးဝကာကွယ်ထားသည့်တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်းသို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်းသို့မဟုတ် လွှဲပြောင်းခြင်းဖြစ်ပါတယ်။ ပြစ်ဒဏ်ကတော့ ထောင်ဒဏ် ခုနစ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါတယ်။ ဒါ့အပြင် ပြစ်မှုကျူးလွန်သူတွေဟာ တခြားအရေးယူပိုင်ခွင့်ရှိတဲ့ ပြစ်မှုတွေနဲ့လည်း ထိထိရောက်ရောက် အရေးယူခံရဦးမှာဖြစ်ပါတယ်။

မေး။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ တောဆင်ရိုင်းတွေထိန်းသိမ်းမယ့် သဘာဝ နယ်မြေထူထောင်နေကြောင်း ကြားသိရပါတယ်။ အဲဒီအခြေအနေကိုလည်း ရှင်းပြပေးပါဦး။

ဟုတ်ပါတယ်။ ပဲခူးခရိုင်နဲ့ သာယာဝတီခရိုင်အတွင်းမှာရှိတဲ့ မြောက်ဇာမရီဒေသမှာ ဆင်ထိန်းသိမ်းရေးသဘာဝနယ်မြေသတ်မှတ်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီဒေသဟာ ၃၇၉ ဒသမ ၅၉ စတုရန်းမိုင်၊ ဧကအားဖြင့် ၂၄၂၉၃၈ ဒသမ ၄၈ ဧက ကျယ်ဝန်းပြီး မူလတောကောင်ပေါက်ရောက်ရာဒေသဖြစ်တဲ့အပြင် တစ်နှစ်ပတ်လုံး ရေရရှိတဲ့ချောင်းတွေ၊ ဆင်စားကျက်ကောင်းတွေရှိတဲ့အတွက် တောဆင်ရိုင်းတွေ ကျက်စားနေတဲ့နယ်မြေဖြစ်ပါတယ်။ ဒီနယ်မြေအတွင်းမှာ ဆင်ရိုင်းတွေလွတ်လပ်စွာနေထိုင်နိုင်ဖို့ ပြင်ဆင်မှုတွေလုပ်ပြီးတဲ့နောက် မြို့တွေ၊ရွာတွေအနီးကျက်စားနေတဲ့ တောဆင်ရိုင်းတွေကိုလည်း ဒီနယ်မြေအတွင်းကို ပြန်လည်မောင်းသွင်းဖို့ ဆောင်ရွက်သွားမှာပါ။

ဦးရဲထွဋ်
ဒုတိယညွှန်ကြားရေးမှူး
သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန
သစ်တောဦးစီးဌာန

မေး။ မြန်မာနိုင်ငံရဲ့ တောဆင်ရိုင်းထိန်းသိမ်းမှုကိုသိပါရစေ။

မြန်မာ့သဘာဝတောကြီးတွေမှာရှိနေတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေအနက် ဆင်တွေဟာ မြန်မာ့သဘာဝသစ်တောတွေရဲ့ အမှတ်သင်္ကေတဖြစ်ပြီး ရှေးမြန်မာမင်းတွေလက်ထက်ကပင် ဆင်တွေကို ဂရုတစိုက် ကာကွယ်ထိန်းသိမ်းခဲ့ကြပါတယ်။

တောဆင်ရိုင်းကောင်ရေအများအပြားကျက်စားတဲ့နေရာတွေကို သဘာဝနယ်မြေများအဖြစ် သတ်မှတ်ခဲ့ရာမှာ ၁၉၂၇ ခုနှစ်မှာ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ ၁၉၈၉ ခုနှစ်မှာ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ၂၀၀၀ ပြည့်နှစ်မှာ ရခိုင်ရိုးမဆင်ဘေးမဲ့တော၊ ၂၀၀၂ ခုနှစ်မှာ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို သတ်မှတ်တည်ထောင်ခဲ့ပါတယ်။

ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနဲ့ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်တို့ကို Monitoring of the Illegal Killing of Elephant (MIKE) အဖွဲ့နဲ့ပူးပေါင်းပြီး ဆင်များတရားမဝင်သတ်ဖြတ်မှု စောင့်ကြည့်လေ့လာရေးနယ်မြေ (MIKE Site) များအဖြစ် သတ်မှတ်ဆောင်ရွက်နေပါတယ်။

မေး။ လူနဲ့ဆင်ပဋိပက္ခဖြစ်ပွားလာမှုတွေကိုလည်း ပြောပြပေးပါဦး။

ဒေသခံပြည်သူတွေက စားဝတ်နေရေးအခြေအနေအရ ဆင်တွေကျက်စားရာ နေရာတွေမှာ ကျူးကျော်ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်လာတာ၊ အခြေချနေထိုင်မှု တွေများပြားလာတာတွေ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ သတ္တုရှာဖွေတာတွေ၊ သဘာဝ သစ်တောသယံဇာတတွေနဲ့ သစ်တောထွက်ပစ္စည်းရှာဖွေသူတွေကြောင့် ဆင်တွေရဲ့ နေထိုင်ကျက်စားရာနေရာတွေ ကျဉ်းမြောင်းလာပါတယ်။ ဒီလိုကျဉ်းမြောင်းလာ မှုကြောင့် သူတို့နေထိုင်ရာအပြင်မှာရှိတဲ့ လူတွေရဲ့စိုက်ခင်းတွေကို ဝင်ရောက် စားသောက်မိရာက အစဉ်အဆက် သီးနှံပေါ်တဲ့အချိန်တွေမှာ ဝင်ရောက်ကျူးကျော် ကျက်စားတဲ့အလေ့အထတွေဖြစ်ပေါ်လာပါတယ်။ ဒီလိုဖြစ်ပွားရာကတစ်ဆင့် လူတွေနဲ့ ထိပ်တိုက်ရင်ဆိုင်မိရာက လူနဲ့ဆင်တွေရဲ့ ပဋိပက္ခတွေဖြစ်ပွားလာပါတယ်။ သာယာဝတီ၊ လက်ပံတန်း၊ တိုက်ကြီးနဲ့ ကျောက်တံခါးမြို့နယ်တွေမှာ အများဆုံး ဖြစ်ပွားနေပြီး ဒီမြို့နယ်တွေမှာ ၁၉၉၆ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ ဒီပဋိပက္ခတွေ ကြောင့် လူပေါင်း ၇၃ ဦး အသက်ဆုံးရှုံးခဲ့ရပါတယ်။

မေး။ ဆင်နဲ့အခြားတောရိုင်းတိရစ္ဆာန်တွေကို တရားမဝင်ပစ်ခတ်သတ်ဖြတ်မှု အခြေအနေကို သိပါရစေ။

၂၀၁၁ခုနှစ်ကနေ ၂၀၁၃ခုနှစ်အတွင်း ဆင်ပစ်ခတ်သတ်ဖြတ်ခံရမှု (၁၈)ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ သတ်ဖြတ်ရခြင်းအဓိကအကြောင်းရင်းကတော့ ဆင်စွယ်ကို လိုချင်လို့ပါ။ မှောင်ခိုဈေးကွက်မှာ ဆင်စွယ်ဟာဈေးကောင်းရနေ တဲ့အတွက် လူတွေ က မတော်လောဘနဲ့သတ်ဖြတ်နေခြင်းဖြစ်ပါတယ်။

တရုတ်၊ တရုတ်(တိုင်ပေ) ၊ ဟောင်ကောင်၊ ဂျပန်စတဲ့နိုင်ငံတွေက ဆင်စွယ်နဲ့ လုပ်တဲ့ ပစ္စည်းတွေကိုသုံးစွဲရင် သူများမပြုစားနိုင်ဘူး၊ ဂုဏ်သရေရှိတယ်၊ ကျန်းမာ တယ် စတဲ့အယူအဆတွေကြောင့် ဒီနိုင်ငံတွေဟာ ကမ္ဘာ့တရားမဝင် ဆင်စွယ်တင်ပို့ ရောင်းချနေသူတွေရဲ့ဦးတည်ရာ နိုင်ငံတွေ ဖြစ်နေပါတယ်။

အာဖရိကတိုက်ရှိ ကင်ညာ၊ ဘော့ဆွာနာ၊ တန်ဇန်နီးယားစတဲ့နိုင်ငံတွေမှာ တောဆင်ရိုင်းတွေက အစာရှားပါးမှုကြောင့် သစ်ပင်အခေါက်တွေကို ခွာစားရတဲ့ အတွက် သစ်တောပြုန်းတီးမှုကို ကာကွယ်တဲ့အနေနဲ့ ဆင်တွေကို တရားဝင်သတ်ဖြတ်ခဲ့ပါတယ်။ အာဖရိကဆင်မျိုးဖြစ်တဲ့ Elephas Lexodonta ဟာအထီးရော၊ အမရော အစွယ်ပါတဲ့ဆင်မျိုးဖြစ်ပါတယ်။ ဒီဆင်တွေကို ပစ်ခတ်သတ်ဖြတ်ရာကရရှိလာတဲ့ အစွယ်တွေကို တရားဝင်ရောင်းချခွင့်ရရှိဖို့ Convention on International Trade on Endangered Species(CITES) ကို ခွင့်ပြုချက်တောင်းခံခဲ့ပေမယ့် အာရှတိုက်ရှိ အာရှဆင်ကျွမ်းကျင်သူများအဖွဲ့ (Asian Elephant Specialist Group)က ကန့်ကွက်ခဲ့ပါတယ်။ အာဖရိကဆင်စွယ်များနဲ့အတူ အာရှရှိဆင်များလည်း တရားမဝင်သတ်ဖြတ်ခံရပြီး အာရှဆင်စွယ်တွေ မှောင်ခိုဈေးကွက်ကို ရောက်ရှိနိုင်တဲ့အတွက်ကြောင့် ဒီလိုကန့်ကွက်ခဲ့ခြင်းဖြစ်ပါတယ်။

သို့သော် အခုအခါမှာတော့ အာရှနိုင်ငံများမှာရှိတဲ့ အာရှဆင်များ တရားမဝင် သတ်ဖြတ်ခံရပြီး တရားမဝင်ဆင်စွယ်ရောင်းဝယ်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် ဒီလိုသတ်ဖြတ် ရောင်းဝယ်နေမှုတွေကို စုံစမ်းဖော်ထုတ်နိုင်ဖို့နဲ့ တရားမဝင်တောရိုင်းတိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ ကူးသန်းရောင်းဝယ်နေမှုကို ထိန်းချုပ်နိုင်ဖို့ CITES၊ TRAFFIC စတဲ့အဖွဲ့တွေက အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ ရှိတဲ့ဌာန၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပြီး အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ (INTERPOL) ကလည်း သတင်းအချက်အလက်တွေ ပံ့ပိုးကူညီနေပါတယ်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှာ ထိုင်းနိုင်ငံမှာကျင်းပတဲ့ အာဆီယံဝန်ကြီးများအစည်းအဝေးက ASEAN-WEN (ASEAN Wildlife Enforcement Network) အဖွဲ့ကို ဖွဲ့စည်းဖို့ သဘောတူညီခဲ့ပြီး ဒေသတွင်း တရားမဝင်တောရိုင်းတိရစ္ဆာန်နဲ့ ၎င်းတို့ရဲ့ ထွက်ကုန်ပစ္စည်းများ ကူးသန်း ရောင်းဝယ်ခြင်းကို ပူးပေါင်းတားဆီးကာကွယ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာလည်း တောရိုင်းတိရစ္ဆာန်နဲ့ ၎င်းတို့ရဲ့ထွက်ကုန်ပစ္စည်းများ တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းကို ထိန်းချုပ်ဖို့အတွက် ကျွန်တော်တို့ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ အခြားဝန်ကြီးဌာနတွေ ပူးပေါင်းပါဝင်တဲ့ နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များ တရားမဝင်ရောင်းဝယ်မှုများအား ဥပဒေအရ ထိရောက်စွာအရေးယူတားဆီးရေးလုပ်ငန်းအဖွဲ့ (National Wildlife Enforcement Task Force) ကို ၂၀၀၇ ခုနှစ်ကတည်းက ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

မေး။ ကမ္ဘာနဲ့ မြန်မာနိုင်ငံတို့မှာ တရားမဝင်ဆင်စွယ်တင်ပို့နေမှုအခြေအနေကို ရှင်းပြပေးပါဦး။

အာဖရိကနဲ့အာရှနိုင်ငံတွေက ဆင်စွယ်တွေဟာ တရုတ်နိုင်ငံထဲကို နည်းအမျိုးမျိုးနဲ့ရောက်ရှိနေပါတယ်။ အာဆီယံနိုင်ငံအချို့က တစ်ဆင့်ခံနိုင်ငံတွေ ဖြစ်နေပါတယ်။ မြန်မာနိုင်ငံမှာလည်း တောရိုင်းတိရစ္ဆာန်နဲ့ ထွက်ကုန်တွေကို တာချီလိတ်၊ မြဝတီစတဲ့ နယ်စပ်ဒေသတွေမှာ တရားမဝင်ရောင်းဝယ်နေပါတယ်။ မန္တလေးမြို့ဟာလည်း တစ်ဆင့်ခံရောင်းဝယ်တဲ့မြို့ဖြစ်နေပါတယ်။ အိန္ဒိယကလာတဲ့ တောရိုင်းတိရစ္ဆာန်နဲ့ ထွက်ကုန်တွေဟာလည်း တမူး၊ မော်လိုက်၊ မိုးမိတ်၊ ဗန်းမော်လမ်းကြောင်းအတိုင်း ဖြတ်သန်းရောင်းဝယ်နေကြပါတယ်။ တနင်္သာရီဘက်မှာတော့ နှစ်စဉ် ဆင်ငယ် ၅၀ ကနေ ၁၀၀ အထိ တစ်ဖက်နိုင်ငံဆီတရားမဝင်ရောင်းဝယ်နေတယ်လို့လည်း ကြားသိရပါတယ်။

မေး။ တရားမဝင်ရောင်းဝယ်နေတဲ့ ဈေးနှုန်းလေးတွေရော သိရမလား ခင်ဗျာ။

ပြည်တွင်းပေါက်ဈေးအရပြောရရင် ဆင်စွယ်တစ်ပိဿာကို ကျပ်ငါးသိန်း၊ ဆင်သားရေတစ်ပိဿာကို ကျပ်နှစ်သောင်း၊ သင်းခွေချပ် တစ်ပိဿာကို ကျပ်ရှစ်သောင်းနှုန်းတွေနဲ့ ရောင်းဝယ်နေကြောင်း သိရပါတယ်။ ဆင်မြီးလက်စွပ်လုပ်ပြီး ရောင်းဝယ်နေတာတွေလည်းရှိပါတယ်။ ဆင်သားကို ဆတ်သားအဖြစ် လိမ်ရောင်းနေတာလည်းရှိပါတယ်။ အဆိပ်လူးမြားနဲ့ပစ်ခတ်ခံရတဲ့ ဆင်သားကိုစားမိရင် လူ့ရဲ့ခန္ဓာကိုယ်ထဲကိုလည်း အဆိပ်တွေပျံ့နှံ့ပြီး ကျန်းမာရေးထိခိုက်နိုင်ပါတယ်။ အချို့နိုင်ငံတွေမှာ ငွေကြေးတတ်နိုင်သူတွေက ဆင်ခြေထောက်ကို ဂေါက်အိတ်အဖြစ် ပြုပြင်အသုံးပြုနေကြပြီး အချို့ကလည်း Staionary ထည့်တဲ့ စားပွဲတင်ခွက်တွေအဖြစ် သုံးစွဲနေကြပါတယ်။

မေး။ မြန်မာနိုင်ငံမှာရှိတဲ့ဆင်အမျိုးအစားနဲ့ နေထိုင်မှုအလေ့အထလေးတွေကိုလည်း ပြောပြပေးပါဦး။

မြန်မာနိုင်ငံမှာရှိတဲ့ဆင်တွေက အာရှဆင်အမျိုးအစားတွေပါ။ အစွယ်နှစ်ချောင်းလုံးပါတဲ့ စွယ်စုံဆင်၊ အစွယ်မပါတဲ့ ဟိုင်းဆင်၊ အစွယ်တစ်ချောင်းပဲပါတဲ့ တယ်ဆင်နဲ့ အစွယ်ငုတ်တိုလေးပဲပါတဲ့ ဟန်ဆင်ဆိုပြီးရှိ ပါတယ်။ ဆင်မတွေမှာတော့ အစွယ်မပါပါဘူး။ သူတို့ရဲ့သက်တမ်းဟာ အနှစ်(၇၀)ကျော်ဖြစ်ပါတယ်။ ဆင်မတွေဟာ အသက်(၁၅)နှစ်လောက်မှာ အရွယ်ရောက်တတ်ပြီး ကိုယ်ဝန်ဆောင်ချိန်(၂၂)လကြာမြင့်ပါတယ်။ ဒါကြောင့် ဆင်မနဲ့ဆင်အထီး လိင်အချိုးက ၃း၁ ကနေ ၅း၁ ရှိမှ မျိုးပေါက်ပွားမှု၊ မျိုးဗီဇထိန်းသိမ်းမှုကောင်းမွန်မှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဆင်ထီးတွေသတ်ဖြတ်ခံနေရမှုကြောင့် ဒေသတစ်ခု၊ တောတစ်တောမှာ ဆင်ထီးကောင်ရေနည်းသွားရင် ဒီဒေသမှာရှိတဲ့ ဆင်မတွေအတွက် မိတ်ဖက်မရှိလို့ မျိုးပွားနိုင်မှာမဟုတ်ပါဘူး။ နောက်တစ်ခုက ဆင်သွားရင်လမ်းဖြစ်တယ်လို့ မြန်မာဆိုရိုးတစ်ခုရှိပါတယ်။ အရွယ်အစားကြီးမားတဲ့အတွက် ဆင်သွားလိုက်ရင် ချုံနွယ်ပိတ်ပေါင်းတွေရှင်းသွားပြီး ပြောင်၊ စိုင်၊ ဆတ်စတဲ့ တိရစ္ဆာန်တွေနဲ့ လူတွေ

ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်းတွင် ပစ်သတ်ခံရသည့် ဆင်အား အရေခွံဆုတ်ထားပြီးနောက် တွေ့ရစဉ်။ (သတင်းစဉ်)

အတွက် လမ်းဖြစ်သွားပါတယ်။ နောက်ပြီး ဆင်တွေခန္ဓာကိုယ်နဲ့ ပွတ်တိုက်သွားလာမှုကြောင့် သစ်ပင်ပန်းမန်တွေ ဝတ်မှုန်ကူးပြီး အပင်မျိုးပြန့်ပွားမှုကိုလည်း ဖြစ်စေပါတယ်။

မေး။ လက်ရှိမြန်မာနိုင်ငံမှာ ရှိနိုင်တဲ့ဆင်အရေအတွက် ဘယ်လောက်များရှိနိုင်ပါသလဲ။

ဆင်ပညာရှင် G. Caughley တင်သွင်းခဲ့တဲ့အစီရင်ခံစာအရ ၁၉၇၂ ခုနှစ်မှာ ဆင်ကောင်ရေ ၆၀၀၀ ခန့်ရှိကြောင်း သိရှိရပါတယ်။ ၁၉၉၁ ခုနှစ်မှာ တိုင်းဒေသကြီးနဲ့ပြည်နယ် သစ်တောဝန်ထမ်းတွေကို မေးမြန်းစာရင်းကောက်ယူမှုအရ ဆင်ရိုင်းကောင်ရေ ၄၆၃၉ ကောင်ရှိခဲ့ပါတယ်။ ယခုလောလောဆယ်မှာတော့ ကချင်ပြည်နယ်ကဒေသအချို့၊ ဒေါနတောင်တန်းနဲ့ တနင်္သာရီဒေသတွေမပါ ကျန်ဒေသတွေမှာ ဆင်ရိုင်းကောင်ရေ ၃၀၀၀ ဝန်းကျင်ရှိမယ်ခန့်မှန်းထားပါတယ်။ မြန်မာ့သစ်လုပ်ငန်းမှာ ဆင် ၃၀၀၀ ခန့်၊ ပုဂ္ဂလိကပိုင်ဆင် ၂၀၀၀ ခန့်ရှိပါတယ်။ အာရှဒေသမှာ မြန်မာနိုင်ငံဟာ အိန္ဒိယပြီးရင် ဒုတိယဆင်ကောင်ရေအများဆုံး နိုင်ငံအဖြစ် ရပ်တည်နေပါတယ်။

မေး။ တောဆင်ရိုင်းတွေထိန်းသိမ်းဖို့အတွက် ဘာတွေလုပ်ဆောင်သင့်ပါသလဲ။

ဆင်တွေဟာ သဘာဝတောရဲ့ သင်္ကေတဖြစ်သလို ဘာသာတရားအရလည်း ရတနာတစ်ပါးအဖြစ် သတ်မှတ်ယုံကြည်ထားကြပါတယ်။ ဒါကြောင့်လည်း မြန်မာလူမျိုးတွေဟာ ဆင်ကို အလွန်မြတ်နိုး တန်ဖိုးထားကြပါတယ်။ ဆင်နဲ့ပတ်သက်တဲ့စကားပုံတွေ၊ ပုံဝတ္ထုတွေ၊ ဇာတ်တော်တွေဟာလည်း မြန်မာ့စာပေနဲ့ယဉ်ကျေးမှုမျက်နှာစာမှာ အထင်အရှား ဖော်ပြရေးသားခဲ့ကြပါတယ်။ သို့သော် အစွယ်ကိုလိုချင်တဲ့ ခေတ်သစ် သောနုတ္တိုရ်တွေရဲ့ မတော်လောဘနဲ့သတ်ဖြတ်လာမှုတွေကြောင့် မြန်မာ့ရတနာ ဆင်တွေ မျိုးတုန်းပျောက်ကွယ်မယ့်အရေး ကြုံတွေ့နေရပါပြီ။ ဒါကို လူတိုင်း သတိပြုကာကွယ်သင့်ပါတယ်။ သတ်ဖြတ်ဖို့ ဟန်ပြင်တဲ့သူကိုတားဆီး၊ သတ်ဖြတ်တဲ့သူကို ထိရောက်စွာအရေးယူပြီး ဆင်နဲ့ပတ်သက်တဲ့ ထွက်ကုန်တွေ တရားမဝင်ရောင်းဝယ်မှုတွေကို တားဆီးကာကွယ်သွားနိုင်ဖို့လိုပါတယ်။ ပြည်သူတွေအနေနဲ့လည်း ဒီလိုသတ်ဖြတ်မှုတွေမဖြစ်ပွားအောင်၊ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုတွေ မဖြစ်ပွားရအောင် မြင်တွေ့ကြားသိရတဲ့ သတင်းအချက်အလက်တွေကို တာဝန်ရှိသူတွေဆီ အချိန်နဲ့တစ်ပြေးညီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းကူညီကြစေလိုပါတယ်။ ။

မြန်မာ့ရုပ်မြင်သံကြား

၇-၂-၂၀၁၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၁၅	(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	Road to SEA Games (ကျော်ကျော်ဗိုလ်)

ညပိုင်း

၄း၀၅	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၂၀	၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
၅း၀၀	သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅း၁၅	(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၅း၂၅	အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ** (အပိုင်း-၄၁)
၆း၀၀	ညနေခင်းသတင်း
၆း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (ဒုတိယတွဲ) (အပိုင်း-၁၁)
၇း၀၀	ပြည်တွင်းသတင်း
၇း၁၀	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (ဒုတိယတွဲ) (အပိုင်း-၁၁)
၈း၀၀	ပြည်တွင်းသတင်း
၁၀း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၁၂၈)

MRTV-4

၇-၂-၂၀၁၃ (ကြာသပတေးနေ့)

၅း၀၀	ကံလေးမျိုးတရားတော် (ဆရာတော်ဦးဃောသိတ)
၆း၀၀	Morning @ MRTV-4
၇း၃၀	MRTV-4 သတင်း
၈း၅၀	ကလေးတို့အတွက်လမ်းညွှန် (Mr. MENUTTLE MISS)
၉း၄၀	ဂီတသရုပ်ပြခန်း(ခိုင်ချမ်း)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၁း၀၀	ဟင်းချက်ရအောင်
၁၁း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၃၅	Minute to Win It
၁၂း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ မေတ္တာမှန်လျှင် (အပိုင်း-၁၆)
၂း၀၀	MRTV-4 သတင်း
၂း၂၀	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ တစ်ပွဲစား
၂း၅၀	Cartoon Series (Math Fun With Ria)
၃း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၉၃)
၄း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၂)
၄း၃၅	အနုပညာခရီးလမ်းမှ အမှတ်တရများ ဘဘ ဗိုလ်ကလေးတင့် အောင်ပြောပြသော မြန်မာ့အသံမှပြဇာတ်များ(၁)
၅း၂၀	Minute to Win It
၆း၀၀	MRTV-4 သတင်း
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၉၄)
၈း၀၀	MRTV-4 သတင်း
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၃)
၁၀း၅၀	MRTV-4 ရုပ်သံဇာတ်လမ်း **မေတ္တာမှန်လျှင်** (အပိုင်း-၁၇)
၁၁း၄၀	World of Knowledge (Known Universe Sizng Up The Universe)
၂း၀၀	တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
၂း၃၅	မမေ့နိုင်ပါပြီ ကမ္ဘောဇအလှဌာနီ
၄း၃၅	ကန္ဒရဝတီ၏ ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာဆီသို့…
၄း၄၅	သာသနာ့ပျိုးခင်း

ပြည်တွင်းသတင်းနှင့်ဈေးကွက်

မဝံ့မရဲမက်ရသည့် တန်ဖိုးနည်းအိမ်ရာအိပ်မက်

ယခုတလော သတင်းတွေမှာ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်မယ်ဆိုတဲ့သတင်းတွေကို အားတက်ဖွယ်ကြားသိနေရပါတယ်။ ဝန်ထမ်းဘဝအသက်ခြောက်ဆယ်ပြည့် အငြိမ်းစားယူတဲ့အခါ နေရေးအတွက် ရတက်မအေးရတဲ့သူတွေကို အများကြီးကြုံတွေ့သိမြင်နေရလို့ တန်ဖိုးနည်းအိမ်ရာ သတင်းတွေကြားရတဲ့အခါ စိတ်ဝင်တစားနဲ့ များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

ဒီတော့ ဝန်ထမ်းဘဝမှာရရှိမယ့် လစာ၊ ခံစားရတဲ့ထောက်ပံ့ကြေး စတဲ့ဝင်ငွေတွေနဲ့ လုပ်သက်တစ်လျှောက်စုဆောင်းလာခဲ့ရင် တန်ဖိုးဘယ်လောက်နဲ့ရမှ ဒီတန်ဖိုးနည်းအိမ်ရာကို ဝယ်နိုင်မလဲဆိုတာ စိတ်ကူးနဲ့တွက်ချက်မိပါတယ်။ သာမန်ဘွဲ့တစ်ခုကို အသက်နှစ်ဆယ်မှာရခဲ့လို့ လုပ်ငန်းခွင်ဝင်ရရင် အသက်ခြောက်ဆယ်ပြည့်တဲ့အခါ လုပ်သက်နှစ်ပေါင်း လေးဆယ်ရှိပါမယ်။ ယေဘုယျအားဖြင့် ဝင်ပေါက်ရာထူးလစာနှုန်းထား ကျပ်လေးသောင်းခုနစ်ထောင်ကစပြီး လုပ်ငန်းဝင်ခွင့်ရတဲ့ ဝန်ထမ်းငယ်တစ်ယောက်ဟာ ဝန်ထမ်းသက်တစ်လျှောက် ရိုးသား၊ ကြိုးစားခဲ့ရင် အပြစ်ပေးအရေးယူခံရတာမရှိရင် လစာနှုန်းထား ကျပ်တစ်သိန်းရတဲ့ အရာထမ်းငယ်ဘဝနဲ့ ပင်စင်ယူရလေ့ရှိပြီး အချို့လည်း အရာထမ်းမဖြစ်ဘဲ လစာနှုန်းထားကျပ် ခြောက်သောင်းငါးထောင်မှာ၊ အချို့လည်းဒီအဆင့်ကို မရောက်မီမှာ သက်ပြည့်ပင်စင်ယူလိုက်ရတာတွေလည်းရှိပါတယ်။

သာမန်ဝန်ထမ်းအဆင့်ကနေ အရာထမ်းငယ်အဆင့်အထိ လုပ်သက်နှစ်ပေါင်းလေးဆယ်အတွင်း ရာထူးအဆင့်တစ်ခုမှာ ရှစ်နှစ်တာဝန်ထမ်းဆောင်ရပြီး လစာဝင်ငွေရဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းကို မဖြစ်မနေစုဆောင်းခဲ့မယ်ဆိုရင်-

လစာ+ ထောက်ပံ့ကြေး	တစ်လစုဆောင်းငွေ	တစ်နှစ်စုဆောင်းငွေ	ရှစ်နှစ်စုဆောင်းငွေ
၇၇၀၀၀ ကျပ်	၁၉၂၅၀ ကျပ်	၂၃၁၀၀၀ ကျပ်	၁၈၄၈၀၀၀ ကျပ်
၈၃၀၀၀ ကျပ်	၂၀၇၅၀ ကျပ်	၂၄၉၀၀၀ ကျပ်	၁၉၉၂၀၀၀ ကျပ်
၈၉၀၀၀ ကျပ်	၂၂၂၅၀ ကျပ်	၂၆၇၀၀၀ ကျပ်	၂၁၃၆၀၀၀ ကျပ်
၉၅၀၀၀ ကျပ်	၂၃၇၅၀ ကျပ်	၂၈၅၀၀၀ ကျပ်	၂၂၈၀၀၀၀ ကျပ်
၁၃၀၀၀၀ ကျပ်	၃၂၅၀၀ ကျပ်	၃၉၀၀၀၀ ကျပ်	၃၁၂၀၀၀၀ ကျပ်
			၁၁၃၇၆၀၀၀ ကျပ်

လုပ်သက်နှစ် ၄၀ အတွင်းစုဆောင်းငွေ ၁၁၃၇၆၀၀၀ ကျပ်
လုပ်သက်နှစ် ၄၀ အတွက် လုပ်သက်ဆုကြေး-ကျပ် ၂၀၀၀၀၀၀ ကျပ်

စုဆောင်းငွေ+လုပ်သက်ဆုကြေး ၁၃၃၇၆၀၀၀ ကျပ်
နှစ်တိုးဘဏ်တိုးများ ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ

လုပ်သက်နှစ်လေးဆယ်အတွင်း လုပ်သက်ဆုကြေးနဲ့ စုဆောင်းငွေစုစုပေါင်း ကျပ်တစ်ရာသုံးဆယ့်သုံးသိန်းခုနစ်သောင်းခြောက်ထောင်ရရှိမှာ ဖြစ်ပါတယ်။ ဒီတွက်ချက်မှုဟာ ယေဘုယျတွက်ချက်မှုသာဖြစ်ပြီး ဝန်ထမ်းသက်တစ်လျှောက် ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်၊ အိမ်ထောင်သားမွေးမပြု၊ တစ်ကိုယ်တည်းနေရင်တောင် ဝင်ငွေရဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းစုဆောင်းဖို့ဆိုတာ မလွယ်ကူ၊ အလွန်ခက်ခဲလှတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။

နှစ်လေးဆယ်အတွင်း လစာနဲ့ခံစားခွင့်တွေ တိုးလာမယ့်အခြေအနေရှိပေမယ့် တစ်ဖက်က ကုန်ဈေးနှုန်းနဲ့ အခြားစရိတ်တွေဟာလည်း ဝင်ငွေနဲ့အပြိုင်တိုးလာမှာမို့ သာမန်ဝန်ထမ်းတွေအနေနဲ့ အမှန်တကယ်တတ်နိုင်မယ့် တန်ဖိုးနည်းအိမ်ရာစစ်စစ်ကိုသာ မဝံ့မရဲနဲ့ မျှော်လင့်မိကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ **ရဲညွန့်(မန်း)**

ဧရာဝတီတိုင်းဒေသကြီးမှ စက်လှေဖြင့်ဝင်လာသော အုန်းသီးများကို ဗားကရာဆိပ်တွင် သယ်ချနေစဉ်။

ဗားကရာကုန်စည်ဒိုင်မှ အုန်း၊ ငှက်ပျော၊ ကြံဈေးကွက်

ညနေခင်းမှသည် နံနက်အထိ ကြည့်မြင်တိုင် ဗားကရာရှိ အုန်း၊ ငှက်ပျော၊ ကြံကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်စည်ကားလျက်ရှိနေသည်ကို နေ့စဉ်နှင့်အမျှ တွေ့မြင်နေရသည်။

နံနက်၊ ညနေ ရေတက်ကိုမီ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ငှက်ပျောတင်ပဲ့ထောင်များက ဝင်လာလျက်ရှိနေသည်။ ဘိုကလေး၊ ကျိုက်လတ်၊ ကျုံပျော်၊ ဒေးဒရဲ၊ ဖျာပုံ၊ ကျောင်းကုန်း စသည့်မြို့များအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေးငါးကန်ပတ်လည်၌ စိုက်ပျိုးထားသော ငှက်ပျောများကလည်း ဗားကရာကုန်စည်ဒိုင်သို့ပင် ဝင်ကြသည်။ ဒိုင်ဝင်းကြီးအတွင်း ၅၀ မျှမကသော ငှက်ပျောစုပုံအရောင်းဒိုင်များက ညအမှောင်ဝယ်မီးချောင်းအား အလင်းရောင်ဖြင့် ရောင်းဝယ်ဖောက်ကားနေကြသည်။

အရောင်းဒိုင်တစ်ခုမှဦးသောင်းထွန်းက "ဒီရာသီ နတ်တော်၊ ပြာသို၊ တပို့တွဲက အရောင်းအဝယ်ပါးကြပါတယ်။ တပေါင်း၊ တန်ခူးကစပြီး အရောင်းအဝယ်က ပြန်ကောင်းတတ်ပါတယ်။ ဝါဆို၊ ဝါခေါင်လတွေကတော့ ရိုးရာပူဇော်ပသပွဲတွေ ရှိတာကြောင့် အရောင်းအဝယ်အကောင်းဆုံးပါပဲ" ဟု ဆိုခဲ့သည်။

ဧရာဝတီဘက်မှ ငှက်ပျောမှာ နာဂစ်ဖြစ်ပြီး၊ ရေမြုပ်ပြီးနောက်ပိုင်း အထွက်နည်းခဲ့သလို အသီးများမှာလည်း ခေါင်းတိုလာသည့်အတွက် ဈေးများကျလာခဲ့ကြောင်း ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်ဒင်က ဆိုသည်။

ရေလမ်းမှ နေ့စဉ်နှင့်အမျှ စက်လှေသုံးလေးစင်း ပုံမှန်ဝင်လျက်ရှိနေပြီး ပဲ့ထောင်စက်လှေတစ်စီးလျှင် ငှက်ပျောအခိုင်လေးငါးရာအထိ ပါတတ်ကြောင်း သိရသည်။

ဧရာဝတီဘက်မှ ငှက်ပျောအဝင်နည်းလာသည်နှင့်အမျှ မြန်မာပြည်အထက်ပိုင်းမှ ငှက်ပျောများက ကုန်စည်ဒိုင်ကြီးအတွင်းသို့ အင်နှင့်အားနှင့် ယခုနောက်ပိုင်းဝင်လာသည်ကို တွေ့ရသည်။

မတ္တရာ၊ ကျောက်ဆည်၊ ပွင့်ဖြူ၊ ရွှေဘိုတို့ဘက်မှ ဗားကရာကုန်စည်ဒိုင်သို့နေ့စဉ်နှင့်အမျှ ဆယ်ဘီး၊ ဆယ့်နှစ်ဘီးကားကြီးများ လေးငါးစီးဝင်လျက်ရှိနေသည်။ ကားတစ်စီးလျှင် ငှက်ပျောခိုင် ၅၀၀ မှ ၆၀၀ အထိ ပါတတ်သည်ဟု ဆိုသည်။ သယ်ယူစရိတ်မှာ မန္တလေးမှ ရန်ကုန်သို့အရောက် ကားအကြီး အငယ်ပေါ် မူတည်၍ ကျပ်လေးသိန်းဝန်းကျင်ရှိကြောင်းကိုလည်း စုံစမ်းရရှိသည်။

ငှက်ပျောဒိုင်ဈေးမှာ ဖီးကြမ်းတစ်ဖီးလျှင် ငွေကျပ် ၅၀၀ မှ ၆၀၀၊ ရေသီ(ရခိုင်)တစ်ဖီးလျှင် ငွေကျပ် ၂၅၀ မှ ၃၅၀၊ သီးမွှေးတစ်ဖီးလျှင် ငွေကျပ် ၇၀၀ မှ ၁၀၀၀၊ ရွှေငှက်ပျောတစ်ဖီးလျှင်ငွေကျပ် ၁၀၀၀ နှင့် အထက်တွင် ရှိနေကြောင်း သိရသည်။

အုန်းသီးကို အဓိကအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ကဒုံ၊ အမား၊ ဧရာ၊ ငွေဆောင်၊ ချောင်းသာတို့မှ နေ့စဉ်အခွံကျွတ် အလုံးအုန်း ၃၀၀၀၀ ဝန်းကျင်၊ ဆွဲအုန်း အလုံး ၁၀၀၀၀ ဝန်းကျင်မှာ စက်လှေများဖြင့် နေ့စဉ်ဝင်လျက်ရှိနေသည်။

ဝင်သမျှအုန်းများကို နေ့စဉ်နှင့်အမျှ ပြည်၊ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ ချောက်၊ ရေနံချောင်း၊ မကွေး၊ တောင်ကြီး၊ ကယား၊ ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ မိုးညှင်း၊ လုံးခင်းဒေသများသို့ ကားကြီး ကားငယ်အသွယ်သွယ်ဖြင့် ပို့ပေးနေရကြောင်း ကုန်စည်ဒိုင်ဥက္ကဋ္ဌက ဆိုသည်။

၎င်းကပင် "ဈေးနှုန်းတွေကတော့ နင်လားငါလား တက်ဖို့တော့ မရှိပါဘူး၊ ဒါပေမယ့် အရောင်းအဝယ်ကတော့ အရင်ကထက်စာရင် ကောင်းလာတယ်" ဟု ဆိုပါသည်။

ဒိုင်ဈေးနှုန်းအားဖြင့် အခွံကျွတ်အုန်းတစ်လုံးလျှင် ငွေကျပ် ၁၃၀ မှ ၂၀၀ အကြား ဆွဲအုန်းတစ်လုံးလျှင် ငွေကျပ် ၂၀၀ မှ ၃၅၀ အထိ ဈေးရှိနေကြောင်း သိရသည်။

ကြံအရောင်းအဝယ်မှာ နတ်တော်၊ ပြာသို၊ တပို့တွဲအထိ ရာသီဥတုနှင့်အတူ အရောင်းအဝယ်အေးလျက်ရှိနေပြီး တပေါင်း၊ တန်ခူး၊ ကဆုန်လများ၌ အရောင်းအဝယ်ပြန်ကောင်းနိုင်ကြောင်း သီးနှံဈေးကွက်သတင်းတစ်ပုဒ်အဖြစ် ဖော်ပြလိုက်ရပါသည်။ ။

သတင်း၊ ဓာတ်ပုံ
အဝယ်တော်ဖိုးထော်

နှစ်သစ်ကူးပွဲတော်ကို အကြောင်းပြကာ အများပြည်သူလမ်းပေါ် ဈေးရောင်းချနေ

ရန်ကုန် ဖေဖော်ဝါရီ ၆

ဇန်နဝါရီ ၂၉ ရက်မှစ၍ ရန်ကုန်မြို့တွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာမှု အရှိန်အဟုန်မြှင့်တင်ချိန်ဖြစ်သော ယခုလပိုင်း ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အတွင်း ရန်ကုန်မြို့တွင်း လသာမြို့နယ်လမ်းမတော်လမ်းနှင့် လသာလမ်းကြား မဟာဗန္ဓုလလမ်းဝဲဘက်ခြမ်း ယာဉ်ကြောသုံးကြောပေါ်တွင် တရုတ်နှစ်သစ်ကူးပွဲတော်အကြောင်းပြကာ ဈေးရောင်းချခြင်းများရှိလာရာယာဉ်ကြောများ ပြောင်းလဲ မောင်းနှင်လာရမှုများရှိလာကြောင်း ခရီးသည်များက ဆိုသည်။

ဘတ်စ်ကားယာဉ်ကြောပေါ်တွင် လမ်းဘေးရပ် ကိုယ်ပိုင်ယာဉ်မျိုးစုံကြောင့် ယာဉ်ကြောတစ်ကြောသာ လွတ်လပ်စွာသွားလာနိုင်၍ ခရီးသည်တင်ယာဉ်အချို့ ဘုန်းကြီးလမ်း၊ လမ်းမတော်လမ်းများမှ ချိုးကွေ့၍ ကမ်းနားလမ်းဟောင်းသို့ ပြောင်းလဲမောင်းနှင်နေရသည်ဟု ဆိုပါသည်။

အများပြည်သူ သွားလာသည့် ကားလမ်းတွင် သက်ဆိုင်ရာမှ ဈေးရောင်းချခွင့် လုံးဝခွင့်ပေးခြင်းမရှိဘဲ လမ်းပလက်ဖောင်းပေါ်တွင်ပင် အချိန်ကန့်သတ်၍ ညနေပိုင်း ရောင်းချခွင့်ပြုထားကြောင်း၊ အခကြေးငွေလုံးဝကောက်ခံခြင်းမရှိကြောင်း သိရှိရသည်။

သို့သော် တရုတ်တန်းတွင် ယခုကဲ့သို့ လမ်းပေါ်အကွက်ရေးဆွဲပြီး လမ်းဘေးဈေးသည်များ ရောင်းချမှုအပေါ် လေးပေပတ်လည်ဝန်းကျင်ရှိ အကွက်တစ်ကွက်လျှင် နေရာအလိုက် ယင်းသုံးရက်တာအတွက် ကျပ်နှစ်သောင်း၊ နှစ်သောင်းငါးထောင်ပေးနေရကြောင်း၊ငွေလာကောက်သူကNGO အဖွဲ့အမည်ပါ သုံးရက်တာဈေးရောင်းချခွင့်ကတ်ကို ဓာတ်ပုံ၊ အကြောင်းအရာ ဖြည့်သွင်းခြင်းမရှိဘဲ ပြန်ပေးထားကြောင်း၊ ကောက်ခံသည့် ငွေကြေးပမာဏပါရှိသော ငွေရပြေစာလည်းမပေးနိုင်ကြောင်း၊ တစ်ရက်လျှင်အခကြေးငွေ ကျပ်ခုနစ်ထောင်ဝန်းကျင်ကျသင့်သဖြင့် ရောင်းချသည့်ကုန်ပစ္စည်းများ ဈေးနှုန်းအမြင့်ဖြင့်ဝယ်ယူနေရသည်ဟုတရုတ်နှစ်သစ်ကူးသုံးပစ္စည်းဝယ်ယူသူများကဆိုသည်။

အဆိုပါ လမ်းမတော်နှင့် လသာလမ်းအကြားအရှည်တွင် ကွက်ငယ်ပေါင်းရာဂဏန်းအရေအတွက်ရှိပြီး ကောက်ခံရရှိငွေမှာလည်း များပြားကြောင်း၊ အများပြည်သူဆိုင်ရာ ကားလမ်းပေါ်တွင် NGO အဖွဲ့အစည်းမှ ငွေကောက်ခံ ဈေးရောင်းချခွင့်ကတ်ထုတ်ပေးခြင်းမှာ တရားဥပဒေအရ မဖြစ်နိုင်ကြောင်း၊ ကောက်ခံရရှိသောငွေများကိုလည်း စနစ်တကျတရားဝင်ပြေစာဖြင့် ကောက်ခံခြင်း၊ ရရှိငွေကို မည်သို့သုံးစွဲသည်ကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်သင့်ကြောင်း၊ လာဘ်ပေးလာဘ်ယူ ပပျောက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်တွင် ဥပဒေစည်းကမ်းနှင့် ညီညွတ်မှုမရှိသော လုပ်ရပ်များ ပပျောက်သင့်ပြီဟု ရန်ကုန်မြို့တွင်းနေသူများက ဆိုသည်။ **(ခင်ဆိုင်)**

ရထားသံလမ်းပေါ် လမ်းလျှောက်ရင်း လက်ကိုင်ဖုန်းပြောနေသူ ရထားတိုက်ခံရ၍ သေဆုံး

ပျဉ်းမနား ဖေဖော်ဝါရီ ၆

နေပြည်တော် ပျဉ်းမနားမြို့တွင် ရထားသံလမ်းပေါ် လမ်းလျှောက်ရင်း လက်ကိုင်ဖုန်းပြောနေသူ ရထားတိုက်ခံရ၍ သေဆုံးမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၀ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က ပျဉ်းမနားရဲစခန်းတွင် ဒုတိယရဲအုပ် သိန်းဝင်းဆွေ တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် ပျဉ်းမနားမြို့ မြို့တွင်းအမှတ်(၃) သံလမ်းဂိတ်မြောက်ဘက်အနီးတွင် ရထားတိုက်မှု ဖြစ်ပွားခဲ့ကြောင်း သတင်းအရ အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးရာ ပျဉ်းမနားမြို့ အမှတ် (၃)သံလမ်းဂိတ် မောင်ခင်လမ်း မြောက်ဘက် ကိုက် ၁၀၀ ခန့်တွင် နေပြည်တော်ဘူတာကြီးဘက်မှ လာသော အမှတ်(၆) အစုန်ရထား မောင်းနှင်လာစဉ် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် သံလမ်းဂိတ်(၃)အနီး ရထားသံလမ်းပေါ် လမ်းလျှောက်ရင်း လက်ကိုင်ဖုန်းပြောနေသူ စည်သူအောင် ၃၅ နှစ်၊ အမှတ် (၃/၅၄) ရွှေချီရပ်ကွက် ပျဉ်းမနားမြို့နေသူအား တိုက်မိရာ စည်သူအောင် ညာလက်မောင်း ပြတ်သွားပြီး ပျဉ်းမနားခုတင် ၂၀၀ ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့ကြောင်းနှင့် ပျဉ်းမနားရဲစခန်းမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(တက္ကသိုလ် နေဝင်းအောင်)

သုံးခွမြို့ဈေးကွက်အတွင်း ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်နေ

သုံးခွ ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ ဈေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လျက်ရှိသည်။ တစ်တင်းပိဿာ ၂၀ လျှင် ယနေ့ ပေါက်ဈေးငွေကျပ်၂၅၅၀၀ ဖြစ်ကြောင်း သိရှိရသည်။

ယမန်နှစ်က ဈေးနှုန်းမှာစတင်ပေါ်ချိန်တွင် ငွေကျပ် ၂၁၀၀၀ ဖြစ်သဖြင့် ယခုပေါက်ဈေးမှာ ယမန်နှစ်ကဈေးနှုန်းထက်မြင့်မားကြောင်း သိရှိရသည်။ ပဲတီစိမ်းဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်ခါစဖြစ်သည့်အတွက် ပေါက်ဈေးအမှန်မဟုတ်သေးကြောင်း ဖြိုင်ဖြိုင်ပေါ်ပါက ဈေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်း သိရှိရသည်။

သုံးခွမြို့တွင် မိုးစပါးနှင့်ဆောင်းသီးနှံကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ ယခုနှစ်ပဲတီစိမ်းစိုက်ချိန် နိုဝင်ဘာလတွင် အချိန်အခါမဲ့မိုးကြောင့် ဒီဇင်ဘာလမှစိုက်ပျိုးရသဖြင့် စိုက်ပျိုးချိန်တစ်လ နောက်ကျကြောင်း သိရှိရသည်။ ပဲတီစိမ်းစိုက်ချိန်မှာ သုံးလကြာမြင့်ကြောင်း သိရသည်။

ယခုဈေးကွက်အတွင်း ဝင်ရောက်နေသော ပဲတီစိမ်းများမှာ ကုန်းမြင့်ပိုင်းရေမဝပ်သော လယ်ယာမြေပေါ်တွင် ပေါက်သောပဲ ဒေသအခေါ် (ကုန်းပဲ)ဖြစ်ကြောင်း သိရှိရသည်။ ပုံမှန်အားဖြင့် ဇန်နဝါရီလကုန်တွင် ဖြိုင်ဖြိုင်ပေါ်ရမည် ဖြစ်သော်လည်း အချိန်အခါမဲ့မိုးကြောင့် စိုက်ပျိုးချိန်နောက်ကျသဖြင့် ဖေဖော်ဝါရီလကုန်မှ ဖြိုင်ဖြိုင်ပေါ်မည်ဖြစ်ကြောင်း သိရသည်။

သုံးခွမြို့တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စုပေါင်း ၆၅အုပ်စု၌ ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ဧက ၁၂၄၅၈၆၊ ပဲလွန်းစိုက်ဧက ၃၃၁ စုစုပေါင်း ပဲမျိုးစုံ ၁၂၄၉၁၇ ဧက စိုက်ပျိုးကြောင်း သိရှိရသည်။ **ကိုကျော်(သုံးခွ)**

မီးဘေးရှောင် မလောင်ခင်တား

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးချေးငွေပေးအပ်

လှည်းကူး ဖေဖော်ဝါရီ ၆

နိုင်ငံတော်မှ ဦးတည်ရည်မှန်း ဆောင်ရွက်နေသော ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကို အကောင်အထည်ဖော်သည့် အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တိုင်းဒေသကြီး ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၏ စီစဉ်ပံ့ပိုးမှုအရ လှည်းကူးမြို့နယ် ဒါးပိန်တောင်ကျေးရွာရှိ ပန်းပုလုပ်ငန်းရှင် ၄၇ ဦးသို့ ချေးငွေပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က အဆိုပါကျေးရွာရှိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်တို့ တက်ရောက်အမှာစကားပြောကြားပြီး ချေးငွေကျပ် သိန်း ၁၅၀ ကို ပန်းပုလုပ်ငန်းရှင်များသို့ ပေးအပ်၍ ပန်းပုလုပ်ငန်းခွင်များသို့ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လှည်းကူးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ပန်းပုလုပ်ငန်းရှင် ၄၇ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

လှကြွယ်(လှည်းကူး)

သောက်ရေသုံးရေအတွက် ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ကျင်သီကျောင်းတိုက်မှ ရဟန်းသာမဏေများနှင့်ယောဂီဥပုသ်သည်များအတွက် ရေအကျိုးဆယ်ပါး ဆုမတောင်းဘဲပြည့်ဝစေမည့် သောက်ရေ သုံးရေ အလှူတော် မင်္ဂလာအတွက် စေတနာရှင်များက စဉ်ဆက်မပြတ်လှူဒါန်းလျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်က နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက် လမ်းသွယ်(၁) အမှတ်(၅၃) မြန်မာ့အလင်း သတင်းစာတိုက်မှ ဦးဆန်းဝင်း- ဒေါ်ကြည်ကြည်ဝင်း မိသားစုက ငွေကျပ်တစ်သိန်းကို ကျင်သီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာဇေယျထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

နေပြည်တော်မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအသိပေးပညာဟောပြောပွဲနှင့်သရုပ်ပြပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအသိပေးပညာဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီက ဈေးရှေ့မျက်နှာစာတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့မဈေးအုပ်ချုပ်ရေးမှူးက မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နေပြည်တော်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကာ အမှတ်(၃) မီးသတ်စခန်းမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးကို လက်တွေ့ရှင်းလင်းသရုပ်ပြသည်။

မြို့မဈေးအုပ်ချုပ်ရေးမှူးက မြို့မဈေးမီးဘေးကာကွယ်ရေးကြိုတင်မှုအနေဖြင့် “မီးသတ်ရေကန်များ အမြဲတမ်းရေပြည့်နေစေခြင်း၊ ဈေးရုံများ သတ်မှတ်သည့် မီးသုံးစွဲမှုရှိမရှိ၊ ဝိုင်ယာကြိုးများကောင်း မကောင်း၊ ဈေးပိတ်ချိန်၌ မီးခလုတ်များ ပိတ်ခဲ့မှုရှိမရှိနှင့် မီးသတိပေး သီချင်းများဖြင့် နှိုးဆော်ခြင်း၊ မြို့မဈေးစည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးဝန်ထမ်းများက ရှေးဦး မီးသတ်ကိရိယာများ ကျွမ်းကျင်စွာ အသုံးပြုနိုင်မှုရှိမရှိများကို အပတ်စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း” ပြောပါသည်။

နေပြည်တော် မြို့မဈေးတွင် ဈေးဆိုင်ခန်း ၁၆၂၇ ခန်းရှိကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေဂါလန် ၂၀၀၀၀ ဆံ့ရေကန်နှစ်ကန်၊ ၁၅၀၀၀ဆံ့ တစ်ကန်၊ ၁၀၀၀၀ ဆံ့ တစ်ကန်ရှိကြောင်း နှစ်လက်မအဝီစိတွင်းတစ်တွင်း၊ ဒီဇယ်အင်ဂျင်တစ်လုံး၊ ပွဲရုံဆိုင်ခန်းများတွင် မီးသတ်ဆေးဘူး တစ်ဘူးစီ၊ စားသောက်ဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးနှစ်ဘူးစီ၊ ဈေးရုံတိုင်းတွင် မီးသတ်ဆေးဘူးနှစ်ဘူးစီ၊ ဈေးရုံတစ်ရုံလျှင် မီးချိတ်၊ မီးကတ်၊ သံအိတ်၊ သံတူရွင်း၊ပုဆိန်၊လှေကားနှင့် မီးသတ်တုတ်များကို မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မောင်မောင်သန်း(ကော့မှူး)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ကလောမြို့နယ်တွင် ဘိန်းခင်းနှစ်ခု ဖျက်ဆီး

ကလော ဖေဖော်ဝါရီ ၆

ကလောမြို့နယ် တောင်ကွဲကျေးရွာအုပ်စု မြောက်ချောင်းကျေးရွာ အနောက်တောင်ဘက် ငါးမိုင်ခန့်တွင် သီးပွင့်ဆဲ အမြင့်ပေ နှစ်ပေခွဲခန့်ရှိ ဘိန်းခင်းနှစ်ဧကနှင့် မြောက်ချောင်းကျေးရွာ အနောက်တောင်ဘက် ၅ မိုင် ၃ ဖာလုံခန့်တွင် သီးပွင့်ဆဲ အမြင့်ပေ နှစ်ပေခွဲခန့်ရှိ ဘိန်းခင်း တစ်ဧကတို့ကို ပူးပေါင်းအဖွဲ့ဝင်များက ဖေဖော်ဝါရီ ၄ ရက်တွင် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

(ဒီဝိုင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျောက်ဆည်မြို့နယ်တွင် ကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၆

ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ကျောက်ဆည်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းမင်းဦးက ယာဉ်မတော်တဆဖြစ်ရသည့် အကြောင်းအရင်းများနှင့် မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းဖြင့် အသက်အန္တရာယ် လုံခြုံမှုရှိကြောင်း၊ ဥပဒေနှင့်ယာဉ်စည်းကမ်းလိုက်နာမောင်းနှင်စေရေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးဝင်းမြင့်က ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစည်သူထွဏ်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ခရိုင်ရုံး (ကျောက်ဆည်)မှ ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းများ၊ ယာဉ်အန္တရာယ်မတော်တဆ လျှော့နည်းရေးအတွက် သတိပြုရမည့်အချက်များ၊ လမ်းညွှန်အမှတ်အသားများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။

(ထွန်းထွန်းနိုင်)

သာစုကန်ဆံတော်ရှင်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာစုကန်ကျေးရွာတွင် ရှေးနှစ်ပေါင်းများစွာက တည်ထားကိုးကွယ်ခဲ့သော မြို့ကျက်သရေဆောင် သမိုင်းဝင် သာစုကန်ဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၂ ရက်အထိ ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်တွင် ရှေးအစဉ်အလာမပျက် ဖေဖော်ဝါရီ ၂၅ ရက် တပို့တွဲလပြည့်နေ့တွင် ဆွမ်းတော်ကြီးတင်၊ ဘုရားအနေကဇာတင်၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ရာသီပွဲတော်ထမနဲထိုးကာ ဘုရားအမှူးပြုသော သံဃာတော်များနှင့် ဧည့်ပရိသတ်တို့အား စတုဒိသာလှူဒါန်းမှုတို့ကို ဆောင်ရွက်၍ ပွဲတော်ရက်များအတွင်း ဒေသအသီးသီးတို့မှ ထွက်ကုန်ပစ္စည်းနှင့် အစားအစာများ၊ ရောင်းချခြင်း၊ ဇာတ်သဘင်ပွဲများ၊ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြိုင်ပွဲများ၊ ကလေးတို့ ပျော်ရွှင်စရာကစားပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ဈေးဆိုင်ခန်းများကို ပွဲမကျင်းပမီ နှစ်ပတ်အလိုမှစပြီး သတ်မှတ်နေရာချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၁၆၆)

အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁/၂၀၁၃) ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (မကွေး)၌ ဇန်နဝါရီ ၃၁ ရက်တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စတင်ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းဖေ တက်ရောက်ဖွင့်လှစ်၍ **(ယာပုံ)** အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(မောင်စစ်နောင်)

အားကစားသတင်း

ဖိလစ်ပိုင်ကို ထပ်ရှုံးပြန်သည့် မြန်မာ

ရန်ကုန် ဖေဖော်ဝါရီ ၆

AFC Challenge Cup ခြေစစ်ပွဲဝင်မည့်မြန်မာလက်ရွေးစင်အသင်းနှင့် ဖိလစ်ပိုင် လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၅ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဖိလစ်ပိုင်လက်ရွေးစင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဖိလစ်ပိုင်လက်ရွေးစင်အသင်း-တစ်ဂိုး (ပေါ်တီရီရာ)

မြန်မာလက်ရွေးစင်အသင်း - ဂိုးမရှိ

၂၀၁၂ အာဆီယံ ဆူဇူကီး ဖလားအုပ်စုတက်ရေး အဆုံးအဖြတ်ပွဲတွင် ဖိလစ်ပိုင်အသင်းကိုရှုံးနိမ့်ပြီး အုပ်စုအဆင့်မှထွက်ခဲ့ရသည့် မြန်မာအသင်းမှာ ယခု အိမ်ကွင်းပွဲစဉ်တွင် ရှုံးကြွေးပြန်ဆပ်နိုင်ခြင်းမရှိဘဲ ဖိလစ်ပိုင်ကို ထပ်မံအရှုံးပေးခဲ့ရသည်။ မြန်မာအသင်းမှာ သီဟစည်သူကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးပြီး ကျော်ကိုကို၊ ကျော်ဇေယျာဝင်း၊ ရာဇာဝင်းသိန်း၊ ရန်အောင်ကျော်တို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး ဖိလစ်ပိုင်အသင်းကို အနိုင်ရနိုင်သည့် အနေအထားမျိုး ရှိခဲ့သော်လည်း အပိုင်အခွင့်အရေး အမြောက်အမြားကို အသုံးမချနိုင်၍ ရှုံးသွားရခြင်းဖြစ်သည်။

သတင်းနှင့် ဓာတ်ပုံ-စိုးညွန့်

ပထမပိုင်းတွင် ဇော်မင်းထွန်း၊ ကျော်ဇေယျာဝင်းနှင့် ကျော်ကိုကိုတို့ အပိုင်အခွင့်အရေးများ ရရှိခဲ့သော်လည်း အသုံးမချနိုင်၍ မြန်မာအသင်း နစ်နာခဲ့ရသည်။ ဖိလစ်ပိုင်အသင်းတွင် အင်္ဂလန်ကလပ် ဘရစ္စတိုးလ်အသင်းတွင် ကစားနေသည့် အီသာရိတ်၊ တိုက်စစ်မှူး ဖိလစ်ယန်းဟတ်စ်ဘန်းတို့သာ ပါဝင်ပြီး အမာခံကစားသမားအချို့ ပါဝင်နိုင်ခဲ့သော်လည်း အိမ်ရှင် မြန်မာအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းဂိုးရရှိနိုင်သည့် အခွင့်အရေးရရှိခဲ့သော်လည်း ကျော်ဇေယျာဝင်းနှင့် သိန်းသန်းဝင်းတို့ထပ်မံလွဲချော်ခဲ့ပြန်သည်။ ဖိလစ်ပိုင်အသင်းအတွက် အနိုင်ဂိုးကို ၇၈မိနစ်တွင် ပေါ်တီရီရာက အဝေးမှကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်း ဘက်သို့ ဖိလစ်ပိုင်အသင်းမှ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

မြန်မာအသင်းတွင် **ဂိုး**-သီဟစည်သူ **နောက်တန်း**-ရန်အောင်ဝင်း၊ ဇော်မင်းထွန်း၊ အောင်ဟိန်းကျော်၊ (ဇော်ဇော်ဦး)၊ သိန်းသန်းဝင်း၊ (ပြည့်ဖြိုးအောင်)၊ **အလယ်တန်း**-ရန်အောင်ကျော်၊ ဖြိုးကိုကိုသိန်း၊ ရာဇာဝင်းသိန်း၊ ကျော်ဇေယျာဝင်း၊စိုးမင်းဦး၊(နန္ဒလင်းကျော်ချစ်)၊ **ရှေ့တန်း**-ကျော်ကိုကိုတို့ ပါဝင်ကစားခဲ့သည်။

ဂျက်ဝီလ်ရှရီအကောင်းဆုံး ဘောလုံးသမားဖြစ်နိုင်

အာဆင်နယ်ကွင်းလယ်ကစားသမား ဂျက်ဝီလ်ရှရီသည် ကမ္ဘာ့အကောင်းဆုံးဖြစ်လာနိုင်ကြောင်း အင်္ဂလန်အသင်းခေါင်းဆောင် ဂျရတ်ကပြောကြားသည်။ အသက် ၂၁ နှစ်ရှိ ဂျက်ဝီလ်ရှရီသည် အင်္ဂလန်နှင့် ဘရာဇီး ချစ်ကြည်ရေးအဖွဲ့တွင် စတင်ပါဝင်ကစားခဲ့သည်။ ၎င်းသည် ဒဏ်ရာကြောင့် ၁၅ လကြာ အနားယူခဲ့ပြီးနောက် အာဆင်နယ်အသင်းတွင် အောက်တိုဘာလက ပြန်ကစားခဲ့သည်။ ၎င်းသည် အင်္ဂလန်အသင်းတွင် အကောင်းဆုံးလူငယ်ကစားသမားဖြစ်လာနိုင်ကြောင်း ဂျရတ်ကဆိုသည်။

ဇေကမ္ဘာမြန်မာအိုးပင်း ၂၀၁၃ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၁၃ ခုနှစ် Asian Tour ၏ ပွဲစဉ် ရာသီဖွင့်ပွဲအဖြစ် ယခု ဖေဖော်ဝါရီလကုန်ပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းမည့် Zaykabar Myanmar Open 2013 Presented by Alpine တွင် နိုင်ငံတကာမှ ဂေါက်သီးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းအားကစားသမားများတွင် Asia Tour Qualifying School အောင်မြင်ခဲ့သူ Chan Kim (အမေရိကန် ပြည်ထောင်စု) လည်း ပါဝင်မည်ဖြစ်သည်။

Chan Kim သည် ယမန်နှစ်က ဇေကမ္ဘာမြန်မာအိုးပင်းတွင် သုံးဦးကျင်းပိုယှဉ်ပြိုင်ကာ အနိုင်ရ ဗိုလ်စွဲခဲ့သည့် Kieran Pratt (ဩစတြေးလျ)၏ နေရာကို ရယူနိုင်ရန်ကြိုးစားမည်ဟု သိရသည်။

"Asian Tour နှင့်ပတ်သက်ပြီး ကောင်းသတင်းတွေ အများကြီး ကျွန်တော် ကြားသိထားပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ Asian Tour အကြောင်းကို ပြောနေကြသူတွေ များပါတယ်။ ဒီ Tour ဟာအခုဆိုတိုးတက်မှုရှိပြီး ထင်ပေါ်ကျော်ကြားတဲ့ ဂုဏ်သတင်းတွေကိုပါ ကြားသိနေရပါတယ်။ ဒီနှစ်ပွဲစဉ် ရာသီမှာတော့ ကျွန်တော် အကျိုးအမြတ် တစ်ခုခုရရှိမယ်လို့ မျှော်လင့်ပါတယ်" ဟု Chan Kim က ပြောသည်။

ထိုင်းနိုင်ငံ ဟွာဟင်းတွင် ကျင်းပခဲ့သော Qualifying School မှ အောင်မြင်မှုနှင့် အတွေ့အကြုံများ ရရှိခဲ့သော Choo Tze Huang (စင်ကာပူ) လည်း ယခု မြန်မာအိုးပင်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ အောင်မြင်မှု သရဖူဆောင်းနိုင်မည်ဟု မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"Qualifying School မှာတုန်းက ကျွန်တော်မှားခဲ့တာလေးတွေ ရှိတယ်။ ဒါပေမယ့် ထိပ်တန်း ၄၀ထဲမှာ ပါနိုင်တဲ့အတွက် ကျွန်တော်ပျော်ပါတယ်။ အဲဒီအဆင့်ရောက်တဲ့အတွက် ကျွန်တော် ကျေနပ်ခဲ့တယ်။ ဒီနှစ်ထဲမှာ ပွဲစဉ်တွေ ပိုပြီးကစားနိုင်ဖို့ ဆိုတာကတော့ တကယ့်လိုအပ်ချက်ပဲ၊ ကျွန်တော်ဆက်ပြီး ကြိုးစားရပါမယ်။ Asian Tour မှာ အမှတ်တရမှတ်တမ်းကျန်တဲ့အထိ ဆက်ကြိုးစား သွားမှာပါ " ဟု Choo က ပြောသည်။

Asian Tour တွင် အပျော်တမ်းကစားသမားတစ်ယောက် အဖြစ်မှ Professional တစ်ယောက် ဖြစ်လာသူ အသက် ၂၂ နှစ်အရွယ်ရှိ Lionel Weber (ပြင်သစ်) သည် ယခု ဇေကမ္ဘာမြန်မာအိုးပင်းတွင် ဆုကြေးစား Professional အဖြစ် ပထမဆုံး ယှဉ်ပြိုင်မည့်သူဖြစ်သည်။

"Asian Tour မှာ ကျွန်တော် ဝင်ကစားဖို့ ဖြစ်လာတာပျော်ပါတယ်။ ကျွန်တော်ဟွာဟင်းကို လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက ရောက်ပြီး လေ့ကျင့်သင်ကြားခဲ့ရတာ အခုဆို ကစားဖို့ အခြေအနေတွေပေးလာပြီ၊ ဒါကြောင့် ဒီရက်သတ္တနှစ်ပတ်မှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားကစားခဲ့ပါတယ်။ ကျွန်တော်အာရှကို တစ်ခါမှ မရောက်ခဲ့ဖူးဘူး၊ အခုလို ခရီး ထွက်လာရတာ ပျော်ပါတယ်။ စိတ်ဝင်စားဖို့လည်း ကောင်းတယ်"ဟု Lionel Weber ကပြောသည်။

ဇေကမ္ဘာ မြန်မာအိုးပင်းတွင် ယှဉ်ပြိုင်ကြမည့်သူများတွင် အိန္ဒိယမှ Rahil Gangjee ၊ ထိုင်းနိုင်ငံမှ Rattanon Wannasricham၊ ဩစတြေးလျမှ Adam Groon ၊ဂျပန်နိုင်ငံမှ Yoshinabu Tsukadaနှင့် မလေးရှားနိုင်ငံမှ Nicholas fung တို့ပါဝင်ကြမည်ဖြစ်သည်။

ယမန်နှစ်က ဗိုလ်စွဲခဲ့သူ Prattနှင့် ယခင်အခါများက မြန်မာအိုးပင်း ချန်ပီယံများဖြစ်သော ထိုင်းနိုင်ငံမှ Boonchu Ruangkit နှင့် ဂျပန်နိုင်ငံမှ Tetsuji Hiratsuka တို့ ယခုပြိုင်ပွဲ၌ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(မောင်ကျော်)**

လီဗာပူးနှင့် လုပ်ပွဲကစားခဲ့သည်ဟု ဟန်ဂေရီကလပ်ဖော်ထုတ်

ဟန်ဂေရီကလပ် ဒီဘရီစင်အသင်းသည် ၂၀၀၉ ခုနှစ်က လီဗာပူးအသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခဲ့ရာတွင် လုပ်ပွဲကစားခဲ့ကြောင်း ၎င်းကလပ်က အတည်ပြု ပြောကြားသည်။အုပ်စုအဆင့်တွင် လီဗာပူးက အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရာဖေးလ်နာဒယ် တင်းနစ်ပြန်ကစားပြီ

စပိန်နာမည်ကြီး တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ရှစ်လကြာ အနားယူခဲ့ပြီးနောက် ချီလီအိုးပင်း အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ဂျူအန်မိုနာကိုနှင့်အတူ နိုင်ပွဲရခဲ့သည်။ ယင်းတို့နှစ်ဦးသည် ချက်တင်းနစ်ကစားသမားနှစ်ဦးအား ၆-၃/၆-၂ ဖြင့် နိုင်ခဲ့ခြင်းဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆ဒီ၊ ၁၄၊ ၁၅၊ ၁၆၊ မြေကွက်အမှတ် ၃၀၇၊ ဧရိယာ ၀ ဒသမ ၀၉၁၈ဧက၊ မြေအမျိုးအစား တစ်နှစ်ယာယီလိုင်စင်မြေ၊ မြေကွက်တည်နေရာအမှတ် ၅၉၇၊ ၇လမ်း(တောင်)၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ မြေကွက်အား တစ်နှစ်ယာယီလိုင်စင်အမည်ပေါက်များဖြစ်ကြသော ဦးကျော်မင်းနိုင် ၁၀/မဒန(နိုင်)၀၀၇၃၁၀၊ ဒေါ်ခင်ပို ၁၀/မဒန(နိုင်)၀၀၇၃၀၉၊ ဦးတင်ညွန့် ၁၂/အစန(နိုင်)၁၀၅၉၈၄ တို့မှ နှစ် ၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာခြင်းအား ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉-A၊ မြေကွက်အမှတ်၂၈-ခ၁၊၂၈-ခ၂၊ မြေကွက်တည်နေရာအမှတ် ၂၀၊ ဦးစံလုံးလမ်း၊တောင်သူကုန်းရပ်ကွက်၊ ဦးစောမျိုးသန်း အမည်ပေါက် မြေပိုင်မြေ (လ/န ၃၉ရပြီး)မြေအား အမည်ပေါက် ဦးစောမျိုးသန်းထံမှ ကိုယ်စားလှယ်လွှဲစာ အမှတ်-၁၈၅၀၅(၂၀-၁၁-၁၂)ဖြင့်GPရသူ ဒေါ်နော်ဖောလာထူးက အမည်ပေါက် မှတ်တမ်းပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကတိသစ္စာပြုလွှာတို့တင်ပြ၍ အမည်ပေါက်လွှဲပြောင်းခြင်း မှတ်တမ်းထုတ်ပေးပါရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၄ ဇေယျာမြိုင်လမ်း၊ မြေကွက်အမှတ်(၅၂၃/က)၊ အကျယ်အဝန်းပေ(၂၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧက၊ စတုရန်းပေ ၁၂၀၀ ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်သူ ဒေါ်ကျင်လှိုင် ၁၂/ပဘတ(နိုင်) ၀၁၄၉၉၆ ထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ SP အမှတ် V/၂၀၂၄/၂၀၁၃ ရရှိထားသူ ဒေါ်တင်တင်နွယ် ၁၂/ဥကတ(နိုင်)၁၂၈၉၅၈ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်မော်မော်
၁၀/မလမ(နိုင်)၀၈၆၂၂၃
ဖုန်း-၅၉၁၄၆၄

ဖိအားတွေနဲ့ ရှန်းကန်ရဦးမယ့် ဂျူဗင်တပ်စ်တို့ရဲ့ ပွဲစဉ်(၂၄)

မိုးမြင့်လင်းလက်- ရေးသားသည်

အီတလီစီးရီးအေပွဲစဉ်တွေကတော့ ရမှတ်ပြတ်သားမှုမရှိကြတာမို့ အသင်းတိုင်းဟာ အပြင်းထန်ဆုံး ရင်ဆိုင်မှုတွေနဲ့ ရင်ပွင့်မတတ် ယှဉ်ပြိုင်ကစားနေကြရပြီဖြစ်ပါတယ်။ တန်းစီဇယားထိပ်ဆုံးက ဂျူဗင်တပ်စ်ဟာ ဒုတိယနေရာက နာပိုလီနဲ့ ပွဲတူသုံးမှတ်သာခြားနားနေလို့ ရှေ့ဆုံးကနေပြီး အတိမ်းအစောင်းအမှားအယွင်းမရှိအောင် အသက်ရှူမှားမတတ် အားစိုက်ပြေးလွှားဖြတ်သန်းနေရပြီဖြစ်ပါတယ်။ ပြိုင်ဘက်တွေကို တစ်ပွဲပြီးတစ်ပွဲ ဖြတ်ကျော်လာတဲ့ နာပိုလီရဲ့ခြေစွမ်း၊ စိတ်ဓာတ်ပြင်းထန်ဆူဝေနေမှုတွေက ဂျူဗင်တပ်စ်ကို လိပ်ပြာလွင့်မတတ်ဖိအားပေးနေပြီဖြစ်တာမို့ ဖေဖော်ဝါရီ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ယှဉ်ပြိုင်မယ့်စီးရီးအေပွဲစဉ်တွေ ရလဒ်တွေဘယ်လိုထွက်ပေါ်လာဦးမလဲဆိုတာ စိတ်လှုပ်ရှားဖွယ်ရာ ကောင်းနေတာတော့အမှန်ပါပဲ။

ဂျူဗင်တပ်စ်နှင့် ဖီအိုရင်းတီးနား

ဂျူဗင်တပ်စ်ဟာ ဖီအိုရင်းတီးနားနဲ့ နောက်ဆုံးငါးပွဲဆုံခဲ့တဲ့ ရလဒ်ကိုကြည့်ရင် တစ်ပွဲမှရှုံးပွဲမရှိသေးဘူး။ အဝေးကွင်း အိမ်ကွင်းတွေမှာ နှစ်ပွဲသရေ၊ သုံးပွဲနိုင်ရလဒ်တွေရှိထားတာမို့ အခုပွဲမှာလည်း ရလဒ်ကောင်းအောင် မဖြစ်မနေကြိုးစားပါလိမ့်မယ်။ ဖီအိုရင်းတီးနားတို့က ခြေစွမ်းအတက်အကျရှိပေမယ့် ဒီပွဲမှာ ဂျူဗင်တပ်စ်ကို ကောင်းကောင်းဒုက္ခပေးနိုင်ပါတယ်။ ဂျူဗင်တပ်စ်မှာ ဘန်တနာပွဲပယ်ခံထားရသလို လီနီ၊ ပီပီနဲ့ မာချီစီလိုတို့ ဒဏ်ရာတွေရရှိနေပါတယ်။ ဒါပေမယ့် ဂျူဗင်တပ်စ်ဟာ အမှတ်ပြည့်ရမှုဖြစ်မယ့် အနေအထားမို့ ဖီအိုရင်းတီးနားကို ရလဒ်ပြတ်သားအောင်တော့ ကစားပါလိမ့်မယ်။ ဂျူဗင်တပ်စ်ဟာ ဖီအိုရင်းတီးနားရဲ့ ကစားကွက်ကို ဖိအားပေးပြီး ထိန်းချုပ်ကစားဖို့ ကြိုးစားမှာဖြစ်ပေမယ့် ဖီအိုရင်းတီးနားရဲ့ အားကုန်ထုတ်မှုကိုလည်း ရင်ဆိုင်ရဖို့ရှိမှာဖြစ်ပါတယ်။

လာဇီယိုနှင့် နာပိုလီ

ပထမအကျော့မှာ နာပိုလီတို့က အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ လာဇီယိုကို ပညာပေးထားတာမို့ ဒီပွဲမှာ ရှုံးကြွေးပြန်ဆပ်နိုင်မလား ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။ လာဇီယိုတို့ အိမ်ကွင်းအနိုင်ရရေးအားထုတ်မှာ သေချာပါတယ်။ နာပိုလီကလည်း လာဇီယိုရဲ့ မျှော်လင့်ချက်ကို ပျက်ပြားအောင် ကြိုးစားပြီး အမှတ်ပြည့်ယူနိုင်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ နာပိုလီကို အားပေးရမှာဖြစ်ပေမယ့် လာဇီယိုကိုလည်း လက်တွဲမဖြုတ်သင့်တဲ့အနေအထား ဖြစ်နေပါတယ်။

ဂျီနိုအာနှင့် ပါးမား

တစ်လှည့်စီ အနိုင်ယူနေကြတဲ့ အသင်းတွေဖြစ်တာမို့ အကြိတ်အနယ်နွှဲရမယ့်ပွဲဖြစ်ပါတယ်။ ဂျီနိုအာရဲ့ခြေစွမ်းက တက်ရိပ်ပြနေသလို ပါးမားအားထုတ်မှုကလည်း မာကျောခက်ထန်နေတာတော့ အမှန်ပါပဲ။ အထူးသဖြင့် ပါးမားရဲ့ အိမ်ကွင်းအားထုတ်မှုတွေက ပြိုင်ဘက်တွေကို ထိတ်လန့်မှုဖြစ်စေပါတယ်။ ဒါပေမယ့် တန်းဆင်းဇုန်နဲ့ အဝေးဆုံးရောက်အောင် ကြိုးစားမယ့် ဂျီနိုအာရဲ့ တွန်းအား၊ တိုးအား၊ ဟန့်တားမှုအားတွေကြောင့် ပါးမားတို့ အကျပ်အတည်းတွေ့ရမှာဖြစ်ပါတယ်။ ပါးမားတို့အတွက် ဒီပွဲဟာ ရုန်းကန်လှုပ်ရှားမှုတွေ တဝေဝေဖြတ်သန်းရမှာဖြစ်ပြီး မျှော်လင့်ချက်လည်း မြင့်မြင့်မားမားထားလို့မရနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

အတ္တလန္တာနှင့် ကာတာနီးယား

ကာတာနီးယားဟာ အတ္တလန္တာနဲ့ နောက်ဆုံး ငါးပွဲဆုံတွေ့ခဲ့တဲ့ ရလဒ်ကိုကြည့်ရင် တစ်ပွဲမှရှုံးခဲ့တာ မရှိပါဘူး။ အတ္တလန္တာဟာ အိမ်ကွင်းမှာ ကစားရပေမယ့် ကာတာနီးယားရဲ့ အင်အားအပြည့်နဲ့ကစားနှုန်းကို ဟန့်တားဖို့တော့ ခက်ခဲပါလိမ့်မယ်။ ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ အတ္တလန္တာဟာ ဒီပွဲမှာရှိသမျှအားနဲ့ ခုခံမှာဖြစ်ပေမယ့် လူချီနို၊ ဗာရီ၊ အယ်လ်နီတို့ ဒဏ်ရာတွေရရှိနေမှုကလည်း ထိုးနှက်ချက်တစ်ရပ်လို ဖြစ်နေပါတယ်။ နှစ်သင်းစလုံးအတွက် ပွဲကျပ်အဖြစ် ရင်ဆိုင်ကြရမှာပါပဲ။

ကက်ဂလီယာရီနှင့် အေစီမီလန်

အေစီမီလန်နဲ့ကြုံတိုင်း ကက်ဂလီယာရီတို့ နိုင်ပွဲပျောက်ဆုံးနေလေ့ရှိပါတယ်။ ပြီးခဲ့တဲ့ ပထမအကျော့ အေစီမီလန်ကွင်းမှာ အေစီမီလန်တို့က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့တာမို့ ကက်ဂလီယာရီတို့ ပင်ပန်းရဦးမယ့်ပွဲ ဖြစ်နေပါတယ်။ ကက်ဂလီယာရီမှာ နာအင်ဂိုလန်၊ နီနီ၊ ရိုဆက်တီနီတို့ကလည်း ဒဏ်ရာရရှိနေတာမို့ ကက်ဂလီယာရီဟာ လက်ကျန်အမာခံကစားသမားတွေကိုစုဖွဲ့ပြီး အေစီမီလန်ကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် အေစီမီလန်တို့က အစဉ်အလာမှတ်တမ်းကို ပြောင်းလဲမှုမရှိအောင် ထိန်းသိမ်းဖို့ ကြိုးစားပါလိမ့်မယ်။ ။

နိုင်ငံတကာအားကစားသတင်း

အားကစားသတင်း အတိုအထွာ

- ဘရာဇီးတိုက်စစ်မှူး နေမာက ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် အင်္ဂလန်အသင်းနှင့်ဝင်ဘလေကွင်းတွင် ကစားမည့်ပွဲ၌ ဂိုးများသွင်းယူလိုသောဆန္ဒ ပြင်းပြလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။
- အာဂျင်တီးနားအသင်းသည် လာမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ နောက်ဆုံးဗိုလ်လုပွဲအထိ ရောက်ရှိအောင်ကြိုးစားသွားမည်ဖြစ်ကြောင်း တိုက်စစ်မှူးမက်ဆီက ပြောကြားသည်။
- ရီးရဲမက်ဒရစ်အသင်းတွင် လူငယ်ခြေစွမ်းထက်မြက်သော ကစားသမားများအနက် ထရာနီမှာ အထူးခြားဆုံးဖြစ်ကြောင်း ရီးရဲမက်ဒရစ်အသင်း ဒါရိုက်တာတစ်ဦးဖြစ်သူ ဘူထရာဂီနိုက ထုတ်ဖော်ချီးကျူးလိုက်သည်။
- စပိန်လာလီဂါအသင်းများသည် ဘောလုံးသမားအသစ်ခေါ်ယူရေးအတွက် ငွေကြေးပိုင်ဆိုင်မှုပြသနိုင်မှသာ ခွင့်ပြုမည်ဖြစ်ကြောင်း၊ အသင်းများကြွေးမြီဝန်ထုပ်ဝန်ပိုးကြောင့် အသင်းများပျောက်ကွယ်မသွားစေရန်ဖြစ်ကြောင်း စပိန်ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။
- အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်းသည် ဗလင်စီယာအသင်းမှ အသက် ၂၆ နှစ်အရွယ် ကစားသမားဂါဂိုအား အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။
- ဘာစီလိုနာနောက်တန်းကစားသမား အဲလ်ဗက်စ်က လူမျိုးရေးခွဲခြားသော အော်ဟစ်လှောင်ပြောင်သည့် ပရိသတ်များအား အရေးယူပေးရန် စပိန်ဘောလုံးအဖွဲ့ချုပ်သို့ တောင်းဆိုထားသည်။
- ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းကို ကမ္ဘာ့ထိပ်တန်းအသင်းတစ်သင်းအဖြစ် ထွက်ပေါ်လာစေရန် ပြင်ဆင်ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း အသင်းအုပ်ချုပ်သူများက ပြောကြားသည်။
- ရှော်လ်ကေးတို့ အိမ်ကွင်း၌ လာရောက်ကစားခဲ့သည့် ဂရူသာဖို့ဒ်အသင်း၏ခြေစွမ်းကို မချီးကျူးဘဲ မနေနိုင်ကြောင်း ရှော်လ်ကေးနည်းပြက ထုတ်ဖော်ပြောကြားသည်။
- အာဖရိကနိုင်ငံများဖလား အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် မာလီအသင်း၏ခြေစွမ်းမှာ အံ့သြဖွယ်ရာကောင်းမွန်နေကြောင်း တောင်အာဖရိကဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။
- ချန်ပီယံရှစ်ပွဲစဉ်အဖြစ် အစ်ဝှစ်ချ်ကို လေးဂိုးပြတ်ရှုံးခဲ့ရသည့်ပွဲသည် မစ်ဒယ်ဘရော့ ဘောလုံးသမားများက အခွင့်အရေးကောင်းများ လက်လွတ်ဆုံးရှုံးခဲ့ရသည့်အတွက်ဖြစ်ကြောင်း မစ်ဒယ်ဘရော့အသင်းနည်းပြက ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသားသည်

အမည်ပြောင်း

ဆေးတက္ကသိုလ်(၁) ဒုတိယနှစ်မှ ဦးထွန်းဦး၏သမီး မမေမြတ်နိုးဦးအား မဆောင်းသံစဉ်ဟု ပြောင်းလဲခေါ်ဝေါ်ပါရန်။

မဆောင်းသံစဉ်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိန်ဝင်းထွန်း ၁၂/စခန(နိုင်)၀၀၂၅၅၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၀၁၅၂၃၀၂၁

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုင်းမြင့်သိန်း ၉/မကန(နိုင်)၀၅၉၇၂၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် ၁၃၁၈၁၂ ရက်စွဲ ၂၁-၅-၉၆ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၀၁၅၂၃၀၂၁

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ယာဉ်အပိုပစ္စည်း ၁၆ မျိုး
(ခ) လက်သုံးကိရိယာ ၃ မျိုး
(ဂ) ဘက်ထရီ ၁ မျိုး (အရေအတွက် ၃၀ လုံး)
(ဃ) တာယာဆိုဒ်မျိုးစုံ ၉ မျိုး (အရေအတွက် ၂၄၅ လုံး)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၂-၂၀၁၃ ရက်မှ ၁၈-၂-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆ နာရီအတွင်း အောက်ပါဌာနများတွင် တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းတစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

(က) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်
(ခ) စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၃။ အိတ်ဖွင့်တင်ဒါများကို ၁၉-၂-၂၀၁၃ ရက် ၁၃ နာရီမှ ၁၄ နာရီအတွင်း၊ ရုံးအမှတ် ၃၂၊ နေပြည်တော်ရှိ ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ၏ ရှေ့မှောက်၌ (တင်ဒါအောင်မြင်သည့်အခါ စာချုပ်ချုပ်ဆိုနိုင်မည့်သူ) ကိုယ်တိုင်လာရောက်ပေးသွင်းရမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်နှင့် လိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ၀၆၇-၄၀၆၁၆၇၊ ရုံးအမှတ် ၃၂၊ နေပြည်တော်
(ခ) ၀၁-၆၅၁၀၃၉၊ စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့။

ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ
ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

အမည်ပြောင်း

ကချင်ပြည်နယ်၊ ဖန်းမော်မြို့နယ်၊ မင်းလှရပ်ကွက်နေ ဦးအောင်သန်းဝင်း၏ သမီး အထက(၄)၊ ဆဋ္ဌမတန်း(C)မှ မအေးမြမြသူအား မအေးမြတ်နွယ်နွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအေးမြတ်နွယ်နွယ်

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ဃ/၅၃၇၈၄၊ Kenbo KB-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ငွေးလွင် ၉/ပဘန(နိုင်)၀၀၀၀၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (မိတ္ထီလာမြို့)**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြေကွက်အမှတ် ၇၀/၄၂၁(က)၊ ဧရိယာပေ(၂၀×၆၀)အကျယ်အဝန်းရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသည့် မမြင့်မြင့်သိန်း TRA-၃၂၆၁၇၈ ထံမှ ကျွန်ုပ်ဦးဇော်လွင် ၉/ကဆန(နိုင်)၀၅၉၄၂၅က ဝယ်ယူရန် သဘောတူပြီး စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်လွင်
အမှတ် ၆၀၁၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၁၀၉၇၈၂၂

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် ၇၁ က၊ ဧရိယာ ၀ ဒသမ ၀၉၂ဧကရှိ ဦးသန်းမြင့်အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးရတ်ချ်ကူးမား (အထွေထွေလွှဲစာရသူ) ၉/တကန(နိုင်)၀၀၅၃၅၅ (အဘအမည်)ဦးသန်းမြင့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး အမွေဆက်ခံနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံ၊ ရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်း

မြန်မာကျန်းမာရေးဆိုင်ရာ ပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ပထမအကြိမ် မြန်မာကျန်းမာရေးဆိုင်ရာ ပြပွဲကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက် အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်ရေးအတွက် ကူညီပံ့ပိုးပေးရန်၊ ဆေးပညာရပ်တွင် တိုးတက်နေသောနည်းပညာနှင့် ဆေးရုံသုံး အသုံးအဆောင်ပစ္စည်းကိရိယာများကို ပိုမိုသိရှိနားလည်နိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုဆေးဝါး၊ ဆေးဝါးကုမ္ပဏီများ၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိကဆေးရုံဆေးခန်းများအကြောင်းကို ပြည်သူလူထုအကြား အသိပညာပေး၍ ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ချက်တို့ဖြင့် ပြပွဲကို ပြသမည်ဖြစ်သည်။

ထို့ပြင် ပြပွဲကာလ သုံးရက်အတွင်း ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများကိုလည်း စီစဉ်ထားသဖြင့် ကျန်းမာရေးကို အထူးအလေးထားသူများနှင့် အများပြည်သူတို့ မလွတ်တမ်းသွားရောက်လေ့လာ ကြည့်ရှုသင့်သော ပြပွဲတစ်ခုဖြစ်ကြောင်း သုံးသပ်မိပါသည်။ **အောင်သူရ**

မူလတန်းကြိုကျောင်းဆောင်သစ်ဖွင့်

ခန္တီး ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပေါမိုင်းရပ်ကွက် အမှတ်(၄)အခြေခံပညာမူလတန်းကြို ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်ရှေ့တွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြမောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြမောင်က အမှာစကားပြောကြားပြီး မူလတန်းကြို ကျောင်းဆောင်သစ် အလှူရှင် ၃၃ ဦးအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ကျောင်းဆောင်မှာ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ နှစ်ထပ်အမျိုးအစားဖြစ်ရာ စုစုပေါင်းကုန်ကျငွေကျပ် ၁၅၄ သိန်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်ကြီးနား၊ ဝိုင်းမော်မြို့များ မီးပြန်လင်း

မြစ်ကြီးနား ဖေဖော်ဝါရီ ၆

မလိရေအားစက်ရုံမှ မြစ်ကြီးနားနှင့်ဝိုင်းမော်မြို့များသို့ ဓာတ်အားပို့လွှတ်သည့်(၆၆) ကေဗွီဓာတ်အားလိုင်းမှာ ၂၀၁၂ ဒီဇင်ဘာ ၂၄ရက်ကစပြီး ဓာတ်အား ပြတ်တောက်မှု ဖြစ်ပေါ်လျက်ရှိရာ ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ဝန်ထမ်းများက ဓာတ်အားလိုင်းအား ပြန်လည်ပြုပြင်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသည့်အတွက် ယင်းဓာတ်တိုင် ကျိုးသည့်နေရာသို့ သွားရောက်ပြုပြင်နိုင်ခြင်း မရှိခဲ့ပေ။

နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိလာသည့်အတွက် ဘူးဂါးလျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ကြီးကြပ်ရေးမှူး ဦးလှအောင် ဦးစီးပြီး အင်အား ၅၀ ဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၃ ရက်တွင် ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ပြီးစီးသဖြင့် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့များသို့ ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ခဲ့၍ ဒေသခံပြည်သူများ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာပေမြင့်မှ လူမျိုးတင့်မည်

အရှေ့ပိုင်းဒေသများတွင် အအေးပိုလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ တစ်ပြည်လုံးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် အအေးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြို့တွင်း မိုင် ၂၀ နှုန်းဖြင့် မောင်းနှင်ရန်ဖြစ်သော်လည်း ကမ်းနားလမ်းမသစ်ကြီးပေါ်တွင် ကားအပြိုင်မောင်းနေ

ရန်ကုန် ဖေဖော်ဝါရီ ၆

ဖေဖော်ဝါရီ ၁ ရက်မှစ၍ လမ်းအသုံးပြုခနှုန်း စတင်ကောက်ခံမည်ဖြစ်သော်လည်း ဖေဖော်ဝါရီ ၅ ရက်အထိ အခမဲ့ ဖြတ်သန်း၍နေသည်ဟု အသစ်ဖွင့်လှစ် အသုံးပြုနေသော အရှည်ငါးမိုင်ကျော်ရှိ ကမ်းနားလမ်းမသစ်ကြီးပေါ်မှ ဖြတ်သန်းသွားသော ယာဉ်လုပ်သားများက ဆိုသည်။

ဇန်နဝါရီတစ်လလုံး အခမဲ့ ဖြတ်သန်းခွင့်ပြုထားပြီး ဖေဖော်ဝါရီလတွင် ဆက်လက်၍ လမ်းအသုံးပြုခကောက်ခံမှုမရှိခြင်းနှင့် ပတ်သက်၍ အဝေးပြေးကုန်တင်ယာဉ် ပိုင်ရှင်အချို့မှ အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်အသင်းသို့ ဆက်သွယ်မေးမြန်းခဲ့ကြောင်း အသင်းမှ သက်ဆိုင်ရာသို့ မေးမြန်းချက်အရ လက်ရှိသတ်မှတ်ထားသော လမ်းအသုံးပြုခနှုန်းဖြစ်သော ကုန်တင်ယာဉ်ကြီးတစ်စီးလျှင် ငွေကျပ် ၄၀၀၀ နှုန်း၊ ယာဉ်ငယ် ငွေကျပ် ၁၅၀၀ နှုန်းပြင်ဆင်သတ်မှတ်ရန် ရှိသည့်အတွက် လမ်းအသုံးပြုခ ကောက်ခံခြင်းမပြုသေးကြောင်း သိရှိရသည်။

အဝေးပြေး လမ်းမကြီးများတွင် B.O.Tလမ်းဖြစ်ပါက ခရီးတစ်မိုင်လျှင် လမ်းအသုံးပြုခ ငွေကျပ် ၃၅၀ နှုန်းသာ နောက်တွဲပါ ၂၂ ဘီးကုန်တင်ယာဉ်ကြီးများ ပေးဆောင်ရပြီး ခြောက်ဘီး ကုန်တင်ယာဉ်များမှာ ငွေကျပ် ၁၀၀၊ ၁၀ ဘီးကုန်တင်ယာဉ်တစ်စီးလျှင် ငွေကျပ် ၁၂၅၊ ၁၂ ဘီးကုန်တင်ယာဉ်တစ်စီးလျှင် ငွေကျပ် ၁၅၀ သာ ပေးဆောင်ရကြောင်း သိရှိရသည်။

အဝေးပြေး ကုန်တင်ယာဉ်များ အနေဖြင့် လမ်းခရီးတွင် ပေးဆောင်ရသော လမ်းအသုံးပြုခ၊ တံတားအသုံးပြုခများကို ကုန်တင်သည့်ယာဉ်များထံမှ ကောက်ခံခြင်းမပြုဘဲ ကုန်တင်ကားခမှသာ စိုက်ထုတ်သုံးစွဲမှုရှိကြောင်း၊ မြို့တွင်းသွား စီးလုံးငှားတက္ကစီများ၊ ကုန်သေတ္တာတင်ယာဉ်အပါအဝင် ခေါက်တိုယာဉ်များသည် လမ်းအသုံးပြုခ၊ တံတားအသုံးပြုခ ဒဏ်ကြေးအပါအဝင် ယာဉ်အသုံးပြုငှားရမ်းသူ ခရီးသည်၊ ကုန်သည်များထံမှ ကောက်ခံလေ့ရှိသည်ဟု ကားငှားရမ်းသူများထံမှ သိရသည်။

အဆိုပါ ကမ်းနားလမ်းမသစ်ကြီးပေါ်တွင် မြို့တွင်း မိုင်၂၀ နှုန်းဖြင့်သာ မောင်းနှင်ရန်ဆိုသော်လည်း လက်ရှိအနေအထားတွင် ကုန်သေတ္တာယာဉ်ကြီးများ အပါအဝင် ယာဉ်မျိုးစုံ အပြိုင်မောင်းနှင်နေဆဲဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စည်းကမ်းချက်များကို အဆိုပါကမ်းနားလမ်းမသစ်တွင်လည်း စစ်ဆေးသင့်ကြောင်း လမ်းအသုံးပြုသူများက ဆိုသည်။

ခင်ဆိုင်

လက်ထပ်ထိမ်းမြားပြီးစီးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၁၂၊ အခန်း ၄ နေ
ဦးအောင်ဇင်-ဒေါက်တာဒေါ်ဝေဝေသိန်းတို့၏ သား

မောင်ပြည့်စုံအောင်

Assistant Engineer,Elite Tech Manufacturing Co.,Ltd.
B.Sc. Engg (EC),Dip In Information Technology

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား ၁ ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၂၇(ဘီ)နေ
ဦးသန်းနိုင်အောင်-ဒေါ်သန်းသန်းမေတို့၏ သမီး

မမေသီရိနိုင်

Managing Director,Adorn R.E B Co.,Ltd
3rd year,B.Sc. In Business,SIM University, Singapore
Dip.In Real Estate Business,Ngee Ann Poly,Singapore

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၃-၂-၂၀၁၃ ရက်တွင် Chatrium Hotel ၌ လက်မှတ်ရေးထိုးပြီး ၄-၂-၂၀၁၃ ရက်တွင် မဟာစည်သာသနာ့ရိပ်သာတွင် မင်္ဂလာဦးဆွမ်းကျွေးနှင့်အတူ ဧည့်ခံပွဲပြုလုပ်ပြီးစီးပါကြောင်း။ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ပေးသော Elite Tech Manufacturing Co.,Ltd မှ Executive Director ဦးကျော်ဝင်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ တက်ရောက်လာကြသော မိတ်ဆွေသူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ပြည့်စုံအောင်-မမေသီရိနိုင်







ကလေးမြို့ အင်ဒိုင်းလေးကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်ဖွင့်

ကလေး ဖေဖော်ဝါရီ ၆

ကလေးမြို့နယ် အင်ဒိုင်းလေး ကျေးရွာနေ ပြည်သူများ အသိဉာဏ် ပညာပွင့်လင်း၍ ပညာဗဟုသုတများ တိုးပွားရရှိစေရေး ရည်ရွယ်ကာ ရောင်ခြည်ဦးစာကြည့်တိုက် ဖွင့်ပွဲ အမှတ်တရအဖြစ် စာပေဟောပြောပွဲကို အင်ဒိုင်းလေးကျေးရွာ မဟာဗောဓိကျောင်းတိုက်၌ ဆရာတော်ဦးကောဝိဒ က ကြီးမှူး၍ ကျေးရွာ တာဝန်ခံမှူး ဦးစီးကာ ကလေးမြို့နယ် စာရေး ဆရာများဖြစ်သော သမုတိသစ္စာ၊ ဆရာကြီးဦးတင်ဝင်း၊ ကိုဇော်(ကလေး) တို့ကို ဖိတ်ကြား၍ ဖေဖော်ဝါရီ ၂ ရက် ညပိုင်းက ကျင်းပသည်။

ရောင်ခြည်ဦးစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ဆက်လက်ကျင်းပကာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်းသိရှိရသည်။

သျှင်နေမင်း(ဂန့်ဂေါ)

မိတ္ထီလာကန် လှိုင်းကာကျောက်ရိုးတည်ဆောက်

မိတ္ထီလာ ကန်တော်ကြီးသည် သမိုင်းဝင် အဓိကရ ကန်တော်ကြီး ဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးကို ရှေးမြန်မာမင်း ၁၇ ဆက်တို့က ပြုပြင်ဆည်ဖို့တည်ဆောက်ခဲ့သည်။မိတ္ထီလာ ကန်တော်ကြီးမှ ရေဖြင့် တောင်သူလယ်သမားများ ဆည်ရေဖြင့် စပါး၊ဝါ၊ ပဲ၊ နှမ်း၊ ပြောင်း၊ နေကြာစသည့် သီးနှံများ စိုက်ပျိုးခဲ့ကြသည်။ မိတ္ထီလာကန်ရေသည် တောင်သူလယ်သမားများ အတွက်သာမက မြို့လူထုသောက်သုံးရေ အတွက်လည်း အဓိကကျသောကန်ကြီး ဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာကန်တော်ကြီး မပျက်စီးရေး၊ ကန်သာယာလှပရေး၊ ကန်သန့်ရှင်းရေးအတွက် အလေးထားဆောင်ရွက်ခဲ့သည်။

မိတ္ထီလာကန်တော်ကြီးကို ပုဂံခေတ် အလောင်းစည်သူမင်းနှင့် အနော်ရထာမင်းတို့ ဆည်ဖို့ပြုပြင်ရာတွင် ဆည်မြောင်းစနစ်ဖြင့် နွေ၊ မိုး၊ ဆောင်းရာသီဥတုသုံးမျိုး ရေမှတ်တိုင်၊ ရေကြည်ရွာ၊ တာစောင့်၊ တာကြပ်များဖြင့် ရေမြောင်းများဖောက်လုပ်၍ ပြုပြင်ဆောင်ရွက်ခဲ့သည်။ ၁၉၃၅ ခုနှစ် အင်္ဂလိပ်အစိုးရလက်ထက်က မိတ္ထီလာကန် ရေဝင်များသဖြင့် မကြာခဏ ကျိုးပေါက်ခဲ့သည်။ လယ်များ ပျက်စီးခြင်း၊ လူများ သေဆုံးခြင်း၊ ကျွဲနွားများဆုံးရှုံးခြင်း စသော တိုင်းပြည်အတွက် နစ်နာဆုံးရှုံးခဲ့သဖြင့် ငွေကျပ် သိန်း ၂၀ အကုန်အကျခံ၍ လူပေါင်း ၃၀၀ ကျော်၊ လှည်းအရှည်း ၁၀၀ ကျော်ဖြင့် ရေကျော်ခုနစ်ပေါက် ခေတ်မီ ရေလွှတ်ပြွန်တံခါးကြီး တပ်ဆင်ခဲ့သည်။ ထို့ပြင် မိတ္ထီလာကန်၏ နတ်မောက်ကန်ပေါင်ရိုး၊ မထောင်းတာကန်ပေါင်ရိုး၊ လင်းဇင်းကန်ပေါင်ရိုးများတွင် ကျောက်ချပ်စီပြုပြင်ခြင်း၊ ကန်ရိုးမြှင့်တင်ခြင်း၊ ကန်ရိုးရေလွှတ် ပြွန်တံတားများ အသစ်တည်ဆောက်ပြုပြင်ခဲ့သည်။

မိတ္ထီလာကန်ကြီး အစဉ်သာယာသန့်ရှင်းလှပရေးအတွက် မြို့လူထုနှင့် အာဏာပိုင်အဖွဲ့အစည်းများ၊ ဆည်မြောင်းဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ကန်ပတ်လည်တွင် သံဆန်ခါတပ်ဆင်ခြင်း၊ ကန်အတွင်း အမှိုက်ပစ်ခြင်း၊ ရေချိုးခြင်း၊ ငါးဖမ်းခြင်းများ မပြုလုပ်ရန် တားဆီးပိတ်ပင်ထားသည်။ မိတ္ထီလာကန်ကြီး ရေရှည်တည်တံ့ရေးအတွက် မိတ္ထီလာမြို့ ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)က မိတ္ထီလာမြို့ အမှတ်(၁) ကျောင်းအရှေ့ဘက် ကန်ရိုးတွင် လှိုင်းကာ ကျောက်ရိုးတည်ဆောက်နေသည်။ လှိုင်းကာကျောက်ရိုးကို မိတ္ထီလာမြို့နယ် ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)က လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော် ခေါင်းဆောင်၍ အရှည်ပေ ၁၄၀၀ ကို ငွေကျပ်သိန်း ၁၅၀ အကုန်အကျခံ၍ တည်ဆောက်နေသည်။

(တင်လှိုင်)

ကသာမြို့ အေးသုခတံတားအသစ် ပြန်လည်တည်ဆောက်

ကသာ ဖေဖော်ဝါရီ ၆

ကသာမြို့ အမှတ်(၁၀)ရပ်ကွက် အနီးတွင် သွေးခြောက်ချောင်းကို ဖြတ်ကျော် တည်ဆောက်ထားသည့် အေးသုခတံတားကြီး အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ အေးသုခတံတားကြီးကို လွန်ခဲ့သည့်ရှစ်နှစ်ခန့်က ဆောက်လုပ်ခဲ့ပြီး အင်သစ်များ အသုံးပြုခဲ့ခြင်း၊ တံတား ရေလယ်တိုင်အောက်ခြေများကို ကွန်ကရစ်မခံဘဲ မြေကြီးတွင် ပိုင်တိုင်ရိုက်သွင်း တည်ဆောက်ခဲ့ခြင်းတို့ကြောင့် တံတား ကျွံဝင်နိမ့်ဆင်းမှုများဖြစ်ပေါ်ကာ ဆွေးမြည့်ပျက်စီးလွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အသစ် ပြန်လည်တည်ဆောက်မည့် အေးသုခတံတားသစ်ကြီးမှာ အမြင့် ၂၅ ပေ၊ အကျယ် ၁၄ ပေ၊ အလျားပေ ၁၂၀ ရှိပြီး ပင်မရေလယ်တိုင် အောက်ခြေများကို ကွန်ကရစ်အုတ်ခုံခံလျက် ပေ ၄၀ အရှည်ရှိ သံမဏိသံပေါင်ငါးချောင်း တပ်ဆင်တည်ဆောက်မည်ဖြစ်ရာ ယခင်တံတား ခံနိုင်ရည် (၂ ဒသမ ၅)တန်သာရှိရာမှ ၁၃ တန်အထိ ယာဉ်များ ဖြတ်သန်းသွားလာနိုင်တော့မည် ဖြစ်ပြီး မြို့တောင်ဘက်ခြမ်းရှိ ကျေးရွာများမှ ကုန်စည်များကို ကသာမြို့သို့ ပိုမိုလွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တံတားဖြစ်မြောက်ရေးအတွက် ငွေကျပ်သိန်း ၂၀၀ ကျော်ကုန်ကျမည်ဖြစ်ရာ ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေ ကျပ် ၇၅ သိန်းနှင့် ဒေသခံပြည်သူ လှူဒါန်းငွေများဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရှိရသည်။

စမ်းဦး(ကသာ)

ကျောက်ဆည်မြို့နယ်တွင် လယ်ယာသုံးစက်ကိရိယာပြပွဲကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးကျင်းပသော လယ်ယာသုံးစက်ကိရိယာပြပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ကျောက်ဆည်မြို့နယ် ရဲမအူကျေးရွာအုပ်စု အဆင့်မြင့် လယ်ယာမြေဧက ၅၀ တွင် ကျင်းပသည်။

အဆိုပါ လယ်ယာသုံး စက်ကိရိယာပြပွဲတွင် ကျောက်ဆည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဟန်ခင်က အဆင့်မြင့် လယ်ယာမြေများ ဖော်ထုတ်ရခြင်းအကြောင်းနှင့် လယ်ယာသုံးစက်ကိရိယာကိုင်တွယ် အသုံးပြုရပုံတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူး ဦးလှိုင်တိုးက လယ်ယာသုံးစက်ကိရိယာများ ရောင်းချသည့်စနစ်များကို ရှင်းလင်းပြောကြားကာ ကျောက်ဆည်မြို့နယ် ဦးစီးဌာနမှူးဦးအောင်ဆန်းနိုင်နှင့် မြစ်သားမြို့နယ် ဦးစီးဌာနမှူး ဦးကိုကိုလေးတို့က ဆိုနာလီကာထွန်စက်အကြီးနှင့် ဒေါင်းဖန်းထွန်စက် ဝယ်ယူသူနှစ်ဦးအား စာချုပ်စာတမ်းများ လွှဲပြောင်းပေးအပ်ကြသည်။

စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲအကောင်အထည်ဖော်ရာတွင် တောင်သူများ လယ်ယာသုံးစက်ကိရိယာများ အဆင်ပြေစွာ ဝယ်ယူနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနမှ ဖြန့်ဖြူးရောင်းချလျက်ရှိသော လယ်ယာသုံးပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

(၄၁၁)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မူဆယ်မြို့ လင်းထွန်း သစ်သီးပွဲရုံပိုင်ရှင် ဦးနိုင်ဝင်းဇော်၏ဇနီး ဒေါ်နွေးနွေးသည် ၄-၁-၂၀၁၃ရက်တွင် နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ဖြင့် **သုဓမ္မာသီဂီ**ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အမျိုးဘာသာသာသနာ အကျိုးကို ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် မိသားစုတို့နှင့်အတူ ယခုထက်ပိုမိုသယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ဦးကိုကို-ဒေါ်ကြူကြူ (ရွှေမြန်မာခြံ)
ဦးသန်းထွန်း-ဒေါ်သန်းမြင့် (စဥ့်ကိုင်-ဝင်းသစ္စာ)
ဦးကြီးမောင်-ဒေါ်လှဲလှဲခိုင် (မြန်မာ့သခွားစိုက်ပျိုးရေး)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၅၁၈၀၆၊ Hensim 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်မြင့် ၉/မနမ(နိုင်)၀၆၉၉၈၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၈၆၉၈၁၊ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကို ၉/ဇဓန(နိုင်) ၀၈၃၇၈၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၆၅၁၅၈ Honda Rebel /250 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မောင်၈/မကန(နိုင်)၀၂၅၂၁၃က(ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၈၈၁၄၀၊ XONBO ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုလှိုင် ၁၂/မဘန(နိုင်)၀၈၆၀၉၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်-၁/င၂/ဘီ၊ ဧရိယာ ၀ဒသမ၁၁၆၈ဧက၊ နှစ် ၆၀ဂရန်မြေအမျိုးအစား မြေပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊(၁၆)ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ်(၇)ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည် ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ရှင် NG BEE LEING အင်ဘီးလိန်း(ခ) ဒေါ်မြင့်မြင့် ၁၂/လမတ(ပြု)၀၀၀၀၆၇ ၄င်း၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၇၁/၂၀၁၁ ၃-၂-၂၀၁၁ရရှိသူ ဦးဝင်းရွှေ ၁၂/ရကန(နိုင်) ၀၅၅၂၃၁နှင့် ဒေါ်အေးမြင့် ၁၂/သဃက(နိုင်)၀၇၈၉၀၀တို့မှ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း — **အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁/၂၀၀၅)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုမည့် လုပ်ငန်းသုံး ပုံစံခြောက်မျိုးအား ပုံနှိပ်လိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသူများသည် ၁၄-၂-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရုံးအမှတ် ၄၈၊ နေပြည်တော်သို့ လိပ်မူလျက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပုံစံခြောက်မျိုး၏ **အရေအတွက်နှင့် တင်ဒါစည်းကမ်းချက်များအား** လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ် ၄၈၊ နေပြည်တော်တွင် ၇-၂-၂၀၁၃ ရက်မှစ၍ တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ ရှုန်းဖြင့် ဝယ်ယူနိုင်ပြီး ပုံစံနမူနာများကိုလည်း တစ်ပါတည်း ကြည့်ရှုနိုင်ပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရမည့်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၃၁၀၂၄၊ ၀၆၇-၄၃၁၀၂၇တို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ရပ်ကွက်၊ အဿက (၂၆)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ လူနေရပ်ကွက်အမှတ်- ၁၀၊ မြေကွက်အမှတ်-၇၇၉၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက် ဦးချစ်ဆွေထံမှ ဇနီးဒေါ်တင်ရီ ၁၂/ဥကတ(နိုင်)၀၈၇၂၂၆က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၁၃၅/ ၂၀၁၂ဖြင့် ပိုင်ဆိုင်သောပစ္စည်းဖြစ်ပြီး ၎င်းထံမှ ဦးဝင်းလွင်ဦး ၈/မကန(နိုင်) ၀၃၄၂၄၉က ပြန်လည်မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၀၄၃/၂၀၁၂ဖြင့် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍စာချုပ်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင်(LL.B) ဒေါ်ခင်မာနွယ်(LL.B) ဒေါ်ငွေငွေဝင်း(LL.B)

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
ကျွမ်းကျင်မှုမြှင့်တင်ရေး၊ သင်တန်းနှင့်လက်မှတ်ထုတ်ပေးရေးဌာန
လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ(အဆောက်အအုံ)သင်တန်း ၁/၂၀၁၃
သင်တန်းသားခေါ်ယူခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် လုပ်ငန်းခွင်ဝင်ရောက်မည့် အင်ဂျင်နီယာများအတွက် လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ(အဆောက်အအုံ)သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ(အဆောက်အအုံ)လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

သင်တန်းအမည်	-	လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ (အဆောက်အအုံ)
သင်တန်းကာလ	-	လေးပတ်
သင်ကြားမည့်သင်တန်းသားဦးရေ	-	၅၀ ဦး
သင်တန်းသား၏အရည်အချင်း	-	အနည်းဆုံး AGTI (Civil) ဒီပလိုမာရရှိပြီးသူဖြစ်ရမည်။
သင်တန်းဖွင့်လှစ်မည့်ရက်	-	၁၃-၂-၂၀၁၃ ရက်
လျှောက်လွှာပိတ်ရက်	-	၁၁-၂-၂၀၁၃ ရက်

မှတ်ချက်။ ။သင်တန်းတက်ရောက်မည့်သူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင် (Member)များ ဖြစ်ရမည်ဖြစ်ပါသည်။ (အသင်းဝင်များ မဖြစ်သေးပါက သင်တန်း မတက်ရောက်မီ လျှောက်ထားနိုင်ပါသည်။)

ကျွမ်းကျင်မှုမြှင့်တင်ရေး၊ သင်တန်းနှင့်လက်မှတ်ထုတ်ပေးရေးဌာန
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၁၉၆၇၃~၆ (လိုင်းခွဲ ၁၁၂) Fax: 95-1-519681,
E-mail: mes.stcc@gmail@.com

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၅၉စီ/တိုက်အေ၊ (ငါးလွှာ/ခြေရင်းခန်း)သည် ဦးကျော်နီ(ခ)ဦးဘုန်းအောင် ၆/မအရ(နိုင်)၀၀၄၆၁၄ က အမည်ပေါက် လက်ရှိပိုင်ဆိုင်ကြောင်း ပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများနှင့်အတူ ကျွန်ုပ်၏ထံသို့ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ယင်းနေ့ရက်ကို ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ အပြီးသတ် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်မင်းစိန်
တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၆၁ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၄၅၄၀၀၊ အိမ်ဖုန်း-၅၀၀၀၄၃၊ ၀၉-၅၁၇၅၁၁၇

ကျောက်ပန်းတောင်းမြို့နယ်အသင်း
(ရန်ကုန်)
ဂုဏ်ဝိသိဋ္ဌပူဇော်ပွဲ နှစ်ပတ်လည်အစည်းအဝေးနှင့်
ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ အထက်ပါပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရှိ ကျောက်ပန်းတောင်းမြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အဝေးရောက်ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံရသူများ၊ ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) ဖုန်း-၀၁-၅၅၉၄၇၂၊ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) ဖုန်း-၀၁-၄၃၀၃၃၅၊ ဒုဥက္ကဋ္ဌဦးရဲညွန့် ဖုန်း-၀၁-၅၄၈၈၃၈၊ စည်းရုံးရေးမှူး ဦးမြင့်လွင် ဖုန်း-၀၁-၅၁၀၄၅၂၊ တွဲဖက်အတွင်းရေးမှူးဦးမောင်မောင်လှ ဖုန်း-၀၁-၂၄၀၀၄၇တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

နေ့ရက်	။ ။	၃၁-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန်	။ ။	မွန်းတည့် ၁၂း၀၀နာရီ
နေရာ	။ ။	အကောက်ခွန်ခမ္ဘာရုံ

အလုပ်အမှုဆောင်အဖွဲ့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ လမ်းသွယ်၃လမ်း၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ် ၁၄၊ အခန်းအမှတ် ၀၀၂၊ ဧရိယာ (၂၃ပေ×၃၅ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဗိုလ်ကြီးနေစိုး ၁၂/ဒဂန(နိုင်) ၀၁၁၀၈၇က ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၅၂/၂၀၀၄ ဖြင့် ဒေါ်စုစုမြတ် ၁၁/မအန(နိုင်)၀၀၁၆၀၀ က ဝယ်ယူပိုင်ဆိုင်ထားသောတိုက်ခန်းဖြစ်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ဇင်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ ဆက်လက်၍ကျန်ငွေများပေးချေရန် ဒေါ်စုစုမြတ်အား ဆက်သွယ်သော်လည်း တွေ့ဆုံခြင်းမရှိဘဲတိမ်းရှောင်နေပါသည်။ကျွန်ုပ်၏မိတ်ဆွေထံတွင် ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်စုစုမြတ် ဝယ်ယူခဲ့သည့် စာရွက်စာတမ်းမူရင်းများနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းများလည်း လက်ဝယ်ရှိနေပါ၍ ကျွန်ုပ်၏မိတ်ဆွေ ခွင့်ပြုချက်မရဘဲ အဆိုပါတိုက်ခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ကြရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင်(LL.B) ဒေါ်ခင်မာနွယ်(LL.B) ဒေါ်ငွေငွေဝင်း(LL.B)

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄



ကားရောင်းမည်

- CALDINA (စက်ရုပ်) (2003)
  1790 CC (ယာဉ်)
- PRADO (ဒီဇယ်) (1998)
  (TX-WIDE) (ယာဉ်) (3000 CC)
- RAV-4J (၄င/…)
  1990 CC (2002)

ဖုန်း-၅၄၉၃၄၇၊ ၀၉-၅၁၄၃၄၁၆



ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၅အီး ၃၊ မြေကွက်အမှတ်၁၂A /၁၃၉၊ မြေကွက်တည်နေရာအမှတ် ၂၆၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးမောင်ရန်အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးမောင်ရန်နှင့်ဇနီး ဒေါ်ကြိုင် တစ်ဦးတည်းသော သားဖြစ်သူ ဦးလှဖေ ဇနီး ဒေါ်သိန်းမြင့်နှင့် သမီးတစ်ဦးဖြစ်သူ ဒေါ်ခင်မေကြည်တို့ အသီးသီးကွယ်လွန်သဖြင့် (၁) ဒေါ်ခင်စန်းရီ ၈/ပခက(နိုင်)၀၇၆၂၂၃ (၂)ဒေါ်ခင်အေးသန်း၁၂/ကမတ(နိုင်)၀၁၆၀၄၀(၃)ဒေါ်ခင်နှင်းဝေ ၁၂/ကမတ(နိုင်)၀၁၆၀၀၁(၄)ဒေါ်ခင်ဝင်းမေ ၁၂/ကမတ(နိုင်)၀၁၆၀၄၃ (၅) ဦးမြင့်သိန်းဦး ၁၂/ကမတ(နိုင်)၀၁၆၈၁၃ တို့က မြေး၊မြေးသားသမက်တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်နေ
ဦးအေးမောင်စိန်(ညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)-ဒေါ်ဖွားယဉ်တို့၏သားကြီး

မောင်အောင်လင်းဇော်(ခ)ကိုကို

B.Sc(Maths)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာမြိုင်အိမ်ရာနေ
ဦးအောင်သာကျော်-ဒေါ်စိန်ညွန့်တို့၏သမီးထွေး

မမြင့်မြင့်သန်း

LL.B

